# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၁၅) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၃ |
| ၅ | သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မင်းလှကန်ပေါင်အား ပုံစံကျတည်ဆောက်ပေးရန်နှင့် ရေပေးဝေ နေသော အမှတ်(၁)၊ အမှတ်(၅) မြောင်းများကို ပုံစံကျ ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃ |
| ၆ | ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသော မြေနုကျွန်း (သောင်နုမြေ)များအား လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်းမရှိဘဲ နီးစပ်ရာအခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့သည့် မြို့နယ်လယ်/စီအဖွဲ့အပေါ်မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၇ | မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက်စွာပေးနိုင်ရန်၊ နွေရာသီရေရှားပါးမှုပြဿနာ ဖြေရှင်းနိုင်ရန်၊ မြို့ရေပေးဝေမှု လုံလောက်ရန်အတွက် နန့်ပန်ချောင်းဖျား ဝိုးလိုင်းဒေသတွင် အလတ်စား ရေလှောင်တမံတစ်ခု တည်ဆောက်ပေးရန်နှင့် အသေးစား ချောင်းပိတ်ဆည်ဖြစ်သော လဝဆည်တိမ်ကောလာမှုကို ပြန်လည်တူးဖော် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၈ | နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ်စာချုပ်ချုပ်ပြီး ငှားရမ်းရာတွင် ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလငှားရမ်းစဉ် လုပ်ကိုင်သောလုပ်ငန်းမှာ အဆင်မပြေ တော့သောကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာတွင် နိုင်ငံတော်သို့ ပေးဆောင် ရသော အခကြေးငွေကို နှုန်းထားပြောင်းလဲပြီး စာချုပ်ချုပ်ရန်အစီအစဉ်ရှိ/မရှိနှင့် | ၁၁ |

စပ်လျဉ်းသည့် မေးခွန်း

၉ ဒေးဒရဲမြို့နယ်၊ နှစ်သီးစားလယ်များတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ်ဆက်တိုက်မိုးစပါး စိုက်လယ်ဧကများ ပျက်စီးနေခြင်းကိစ္စနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၄

၁၀ ဇန်းမောက်မြို့နယ်အတွင်း ပင်ပုံကျေးရွာအုပ်စု၊ ရွှေနှစ်ရွာအနီး ချောင်းကြီး ချောင်းရေလွှဲဆည် တည်ဆောက်ပြီး ၇ လအတွင်း ပျက်စီးသွားခြင်း ကိစ္စအား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း ၁၈

၁၁ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ၂၁

၁၂ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းသည့် စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဧကကွက်များဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံး အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ၂၇

၁၃ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း ၅၄

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

## (၁၅)ရက်မြောက်နေ့ အစီအစဉ်

## [ ၈-၂-၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မင်းလှကန်ပေါင်အား ပုံစံကျတည်ဆောက်ပေးရန်နှင့် ရေပေးဝေနေသော အမှတ်(၁)၊ အမှတ်(၅)မြောင်းများကို ပုံစံကျ ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်၏ **ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသော မြေနုကျွန်း (သောင်နုမြေ) များအား လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်း မရှိဘဲ နီးစပ်ရာ အခြားသော ပြင်ပပုဂ္ဂိုလ် အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့သည့် မြို့နယ် လယ်/စီအဖွဲ့အပေါ် မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းကျော်မိုး၊ မိုင်းပန် မဲဆန္ဒနယ်၏ **မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက်စွာ ပေးနိုင်ရန်၊ နွေရာသီရေရှားပါးမှု ပြဿနာ ဖြေရှင်းနိုင်ရန်၊ မြို့ရေပေးဝေမှု လုံလောက်နိုင်ရန်အတွက် နန့်ပန်ချောင်းဖျား ဝိုးလိုင်းဒေသတွင် အလတ်စား ရေလှောင်တမံ တစ်ခု တည်ဆောက်ပေးရန်နှင့် အသေးစား ချောင်းပိတ်ဆည် ဖြစ်သော လဝဆည် တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်ချိုချို၊ အုတ်တွင်း မဲဆန္ဒနယ်၏ **နိုင်ငံပိုင် စက်ရုံအချို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ် စာချုပ်ချုပ်ပြီး ငှားရမ်းရာတွင် ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလငှားရမ်းစဉ် လုပ်ကိုင်သော လုပ်ငန်းမှာ အဆင်မပြေတော့သောကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာတွင် နိုင်ငံတော်သို့ ပေးဆောင်ရသော အခကြေးငွေကို နှုန်းထားပြောင်းလဲပြီး စာချုပ်ချုပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၏ **ဒေးဒရဲမြို့နယ်၊ နှစ်သီးစား လယ်များတွင် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ် ဆက်တိုက် မိုးစပါးစိုက် လယ်ဧကများ ပျက်စီးနေခြင်းကိစ္စ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးကျော်စိုး၊ ဇန်းမောက် မဲဆန္ဒနယ်၏ **ဇန်းမောက်မြို့နယ်အတွင်း ပင်ပုံကျေးရွာအုပ်စု၊ ရွှေနစ်ရွာအနီး ချောင်းကြီးချောင်း ရေလွှဲဆည် တည်ဆောက်ပြီး ၇ လအတွင်း ပျက်စီးသွားခြင်းကိစ္စအား မည်သို့ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက **“မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း”** ကို တင်သွင်းခြင်း၊

၇။ **“မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် **“မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်က တင်သွင်းသည့် **“စက်မှုလယ်ယာစနစ် အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဓာတ်မြေဩဇာများ ဖော်ထုတ်ခြင်း လုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးရန်လင်း၊ ကျိုက်လတ် မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်အေဇင်လတ်၊ ရွှေဘို မဲဆန္ဒနယ်၊

(ဂ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံ မဲဆန္ဒနယ်၊

(ဃ) ဒေါ်နီနီဒွန်း၊ ပေါက်ခေါင်း မဲဆန္ဒနယ်၊

(င) ဦးအောင်မြင့်၊ သာယာဝတီ မဲဆန္ဒနယ်၊

(စ) ဦးဝင်းဝင်း၊ မင်းဘူး မဲဆန္ဒနယ်၊

(ဆ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ဇ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(ဈ) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၊

(ည) ဦးစိုးအောင်နိုင်၊ ကျုံပျော် မဲဆန္ဒနယ်၊

(ဋ) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(ဌ) ဦးဌေးမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်**
**(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၂၂ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

မူကြမ်း

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန် ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများ ကတော့-

(၁) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊
(၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၃) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊
(၄) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၁ ရက်၊
(၅) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊
(၆) ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ် ခွင့် ၂ ရက်၊
(၇) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊
(၈) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၉) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊
(၁၀) မင်းတပ်မဲဆန္ဒနယ်မှ ဦးနေလင်းအောင် ခွင့် ၂ ရက်၊
(၁၁) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်နှင့်
(၁၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၂၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၈ ဦးရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့် အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၂၆ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**သာစည်မြို့နယ်အတွင်းရှိ ညောင်ရမ်း-မင်းလှကန်ပေါင်အား ပုံစံကျတည်ဆောက်ပေးရန်နှင့် ရေပေးဝေနေသော အမှတ်(၁)၊ အမှတ်(၅)မြောင်းများကို ပုံစံကျ ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ်အတွင်းရှိတဲ့ ညောင်ရမ်း-မင်းလှကန်နှင့်ပတ်သက်၍ မေးခွန်းမေးမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ် ညောင်ရမ်း-မင်းလှကန်ကြီးကို ပုံစံတကျတူးဖော်၊ ရေပေးဝေရေးအတွက် မြောင်းများကို ပုံစံကျပြန်လည်တူးပေးရန် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့ပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားရာမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ သက်ဆိုင်ရာဘတ်ဂျက်နှစ်အလိုက် ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ဆောင်ရွက်ပေးမည်ဟု ဖြေကြားခဲ့သော်လည်း ယခုအချိန်တွင် ညောင်ရမ်း-မင်းလှကန်ကြီး၏ ကန်ပေါင်ပုံစံကျ မြေဖို့ခြင်းလုပ်ငန်းနှင့် ရေပေးမြောင်း အမှတ်(၁)နှင့် အမှတ်(၅)တို့ကို ပုံစံကျပြုပြင်ပေးရန် ကျန်ရှိနေသေးပါတယ်။ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ပြီးမှသာလျှင် တောင်သူများလိုအပ်နေသော စိုက်ပျိုးရေးလုပ်ငန်းများကိုလုပ်နိုင်ပြီး စနစ်တကျရေပေးဝေနိုင်မှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ညောင်ရမ်း-မင်းလှကန်၏ ကန်ပေါင်အား ပုံစံကျမြေဖို့ခြင်းလုပ်ငန်းနှင့် ရေပေးမြောင်း အမှတ်(၁)နှင့် အမှတ်(၅)တို့ကို ပုံစံကျပြန်လည်တူးဖော်ပေးခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ညောင်ရမ်း-မင်းလှကန်ပေါင်ကို ပုံစံကျတည်ဆောက်ပေးဖို့နဲ့ ရေပေးဝေနေတဲ့ အမှတ်(၁)၊ အမှတ်(၅) မြောင်းများကို ပုံစံကျပြန်လည်တူးဖော်ပေးရန်နှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးသွားပါ့မယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ ညောင်ရမ်းကန်ဟာ ကန်ပေါင်အလျားပေ ၂၅၅၀၀ နှင့် မင်းလှကန်ဟာ ကန်ပေါင်အလျားပေ ၂၄၅၀၀ ပေရှိပါတယ်။ စုစုပေါင်း ညောင်ရမ်း-မင်းလှကန်ရဲ့ ကန်ပေါင်အလျားဟာ ပေ ၅၀၀၀၀ ရှိပါတယ်။ ညောင်ရမ်း-မင်းလှကန်ဟာ ကန်ပေါင် အားဖြည့်ခြင်းနှင့် မြှင့်တင်ခြင်းလုပ်ငန်း၊ ရေပိုလွှဲရေဝင်မြောင်းနှင့် ရေထုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ်ပြုပြင်ခြင်းလုပ်ငန်းတွေကို လွန်ခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီး ရန်ပုံငွေရရှိငွေဖြင့် ဆောင်ရွက်ခဲ့တဲ့အခါမှာ ညောင်ရမ်းကန်ရဲ့စုစုပေါင်းအလျား ၄၄၅၃ ပေကို ပြုပြင်ဆောင်ရွက်ခြင်း၊ ညောင်ရမ်းမင်းလှကန်အမှတ်(၃)၊ အမှတ်(၄)၊ အမှတ်(၅)၊ အမှတ်(၅-က)နှင့် အမှတ်(၆-က)မြောင်းများ ပုံစံကျပြုပြင်ခြင်း၊ တူးမြောင်းအဆောက်အအုံ ၄၁ ခု၊ တံတားနှစ်စင်းတည်ဆောက်ပြုပြင်ခြင်းနှင့် ကျောက်တိုင်စီခြင်း၊ ညောင်ရမ်းကန်အမှတ်(၁)ရေပိုလွှဲ၊ ရေထုတ်မြောင်းတူးဖော်ခြင်း၊ အမှတ်(၂)သောတပန် ရေပိုလွှဲရေထုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ သီးသန့်ရန်ပုံငွေကနေ ရန်ပုံငွေကျပ်သန်း ၄၆၀ ရရှိခဲ့ပြီးတော့ ညောင်ရမ်းကန် ရေဝင်ချောင်းတွေဖြစ်တဲ့ ဆွေ့ချောင်းနှင့် မင်းလှကန်ရေဝင်ချောင်း ဇီးတောချောင်းတို့ကို သဲနုန်းတူးဖော်ခြင်းလုပ်ငန်းတွေအတွက် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ်သန်း ၁၂၀၀ ရရှိခဲ့ပြီး မင်းလှကန်မှာ ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ မင်းလှကန်ပေါင် အလျားပေ ၆၁၅၀ ကို ကန်ပေါင်ပုံစံကျပြုပြင်ခြင်း၊ အမှတ်(၇) ရေပေးမြောင်းမကြီး ပြုပြင်ခြင်း၊ မြောင်းခွဲလေးခု ပုံစံကျပြုပြင်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ပုံငွေကျပ်သန်းပေါင်း ၁၀၀၀ ရရှိခဲ့မှုနှင့်အညီ မင်းလှကန် ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ မင်းလှကန်ပေါင်

အလျားပေ ၅၂၀၀ အား ကန်ပေါင် ပုံစံကျပြုပြင်ခြင်းနှင့် အမှတ်(၆-က)နှင့် အမှတ်(၆-မ) ရေပေးမြောင်းများ ပုံစံကျပြုပြင်ခြင်းနှင့် ရေပေးအဆောက်အအုံများ ပြုပြင်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာတော့ ညောင်းရမ်း-မင်းလှကန်ပေါင်ပုံစံကျပြုပြင်ခြင်းနှင့် ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းများဟာ လုပ်ငန်းပမာဏကြီးမားတဲ့အလျောက် နှစ်စဉ်ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်ခဲ့သော်လည်းပဲ ဆက်လက်ဆောင်ရွက်ဖြစ်တဲ့ ညောင်းရမ်း-မင်းလှကန် အမှတ်(၁)နှင့် အမှတ်(၅)မြောင်းများ ပုံစံကျပြန်လည်တူးဖော်ခြင်း၊ ရေပေးအဆောက်အအုံပြုပြင်ခြင်းလုပ်ငန်းများအတွက် လိုအပ်ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှာ တင်ပြတောင်းခံခဲ့ပါတယ်။ လုပ်ငန်းများဦးစားပေးအစီအစဉ်အရ ရန်ပုံငွေခွဲဝေရရှိခဲ့ခြင်းမရှိတဲ့အတွက် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါလုပ်ငန်းတွေအတွက် လိုအပ်ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှာ ဆက်လက်တင်ပြတောင်းခံရန် လျာထားပြီးဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာလည်း ကျန်ရှိတဲ့လုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်ငွေကို တင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ညောင်းရမ်း-မင်းလှကန် ပုံစံကျပြုပြင်ခြင်း၊ ဆည်ရေသောက်စနစ်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်းတွေကို မိမိတို့အနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေသော မြေနုကျွန်း(သောင်နုမြေ)များအား လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်းမရှိဘဲ နီးစပ်ရာအခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့သည့် မြို့နယ်လယ်/စီအဖွဲ့အပေါ် မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မကတော့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း ဖြစ်ပါတယ်။ ကျွန်မမေးမြန်းချင်တဲ့မေးခွန်းကတော့ ပေါင်မြို့နယ်အတွင်းရှိ ကျေးရွာများအနီးတွင် ပေါ်ထွန်းနေတဲ့ မြေနုကျွန်းများ လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်းမရှိဘဲ နီးစပ်သော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့တဲ့မြေ မြို့နယ်လယ်/စီအဖွဲ့အပေါ် မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပေါင်မြို့နယ်အတွင်းမှာဆိုရင် ပြည်နယ်နှင့်နီးစပ်တဲ့ကျေးရွာတွေမှာ နှစ်စဉ်နှစ်တိုင်း မြေနုကျွန်းတွေပေါ်ထွန်းလျက်ရှိပါတယ်။ တစ်နှစ် မှာဆိုရင် အနည်းဆုံးဧက ၅၀ ကနေ ဧက

၅၀၀ နီးပါးအတွင်းဖြစ်ပေါ်ပြီး စနစ်တကျ တိတိကျကျတိုင်းထွာ ထားခြင်းမရှိပါဘူး။ ဒါကို ကျေးရွာ လယ်/စီအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတွေကနေ ပူးပေါင်းပြီးတော့ လက်သိပ်ထိုး နီးစပ်ရာပုဂ္ဂိုလ် တွေနဲ့ အခကြေးငွေယူပြီးတော့ အဖွဲ့အစည်းတွေကို ဧကရာချီခွဲဝေပေးနေရာတာကိုလည်း တွေ့ရှိခဲ့ရပါ တယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ အခန်း(၁၂) ပုဒ်မ ၁၀၅ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ ပုဒ်မ ၁၀၆ မှာ ဖော်ပြထားတာကတော့ မြေနုကျွန်းနှင့်နီးစပ်တဲ့ ကျေးရွာများကိုသတ်မှတ်ပြီးတော့ ကျေးရွာမှ စီးပွားရေး စစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်တဲ့အင်အားရှိတဲ့ လယ်မဲ့ယာမဲ့များ၊ သူရင်းများနှင့် လယ်ယာလုပ်သားများကို ဦးစားပေးရွေးချယ်ပြီး မဲစနစ်နှင့် တစ်ဦးကို ၅ ဧကစီ ခွဲဝေရမည်ဟု ဖော်ပြထားပါတယ်။ လယ်မဲ့ဘဝကနေ လယ်ပိုင်ရှင်ဘဝကို ရောက်ရှိစေလိုတဲ့ ရည်ရွယ်ချက်ဖြစ်ပါ တယ်။ ဥပဒေမှာတော့ အခိုင်အမာပြဋ္ဌာန်းထားပါသော်လည်း တကယ်လက်တွေ့အောက်ခြေမှာတော့ ကွာခြားနေပြီး နီးစပ်ရာကျေးရွာမှမဟုတ်ဘဲ အခြားဝေးလံတဲ့ ပြင်ပပုဂ္ဂိုလ်တွေများလာရောက်ပြီး တစ်ဦးတစ်ဖွဲ့မှ ဧကရာချီပိုင်ဆိုင်ထားပြီး တချို့ဆိုရင် အဖွဲ့အစည်းအမည်သုံးပြီး ဧက ၃၀၀၊ ၄၀၀ ယူထားတာကိုလည်းတွေ့ရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ လယ်ယာမြေဥပဒေ အခန်း(၁၃) အထွေထွေအခန်း ပုဒ်မ ၄၀ မှာဆိုရင် ဤဥပဒေနှင့်အညီဖြစ်စေ၊ ဤဥပဒေအရဖြစ်သည့် နည်းဥပဒေများနှင့်အညီဖြစ်စေ၊ သဘောရိုးဖြင့် ဆောင်ရွက်သည့်ကိစ္စအရပ်ရပ်အတွက် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ရှိအဖွဲ့ဝင်များကို မည်သည့်တရားရုံးတွေမှာ တရားစွဲဆိုခြင်းမရှိစေရဟုပါရှိပါသော်လည်း ကျွန်မမေးလိုတာကတော့ တရားစွဲဆိုအရေးယူခြင်းမျိုးမဟုတ်ဘဲ ထိန်းကျောင်းစိစစ်အရေးယူခြင်းကို ဆိုလိုပါတယ်။ အထွေထွေ အခန်း ပုဒ်မ ၃၄ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁ ပါအဓိပ္ပာယ်အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရ သည်ဟု ပြဋ္ဌာန်းသည့်အတွက် ပြည်သူ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူနိုင်ရေးကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့ မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများအနီးမှာ ပေါ်ထွန်းနေတဲ့ မြေနုကျွန်း(သောင်နုမြေ)များအား လယ်မဲ့ယာမဲ့တောင်သူများကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ ဦးစားပေးခွဲဝေပေးခြင်း မရှိဘဲ နီးစပ်ရာအခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့တဲ့ မြို့နယ်လယ်/စီအဖွဲ့ အပေါ် မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက် နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)မှာ မြေနုကျွန်းမြေ ဆိုသည်မှာ ရေအောက်သို့နစ်မြုပ်ခဲ့ပြီး နှစ်စဉ်ရေကြောင်းအနေအထားအရ မြေသားနှင့် ပုံသဏ္ဍာန်

ပြောင်းလဲသည့် ခိုင်မာမှုမရှိသောမြေကိုဆိုသည်လို့ ဖွင့်ဆိုပြဋ္ဌာန်းထားပါတယ်။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်အတွင်းရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းပါ မြေနေရာများဟာ အထက်သံလွင် မြစ်ကြောင်းတစ်လျှောက် ကမ်းပြိုစီးဆင်းလာတဲ့နုန်းမြေများဖြစ်ပြီး သံလွင်မြစ်ဝမှာ ရေစီးအရှိန်တန့် သွားတဲ့အလျောက် မြစ်ဝမှာပေါ်ပေါက်လာတဲ့ ကျွန်းမြေများဖြစ်ပါတယ်။ ကျွန်းမြေပေါ်ပေါက်ပြီးတဲ့ နောက်ပိုင်း မိုးအခါမှာ ရေအောက်ကိုပြန်လည်နစ်မြုပ်၍ ခိုင်မြဲမှုရှိတဲ့မြေများမဟုတ်ဘဲ တဖြည်းဖြည်း ကျယ်ပြန့်လာတဲ့ ကျွန်းပေါ်မြေများ ဖြစ်ကြပါတယ်။ အဆိုပါမြေများအနက်ကနေပြီး နှစ်ကာလကြာမြင့် ပြီး မြေသားနှင့်ပုံသဏ္ဌာန် ပြောင်းလဲခြင်းမရှိဘဲ တည်မြဲလာတဲ့မြေတွေကိုတော့ မြေရင့်အဖြစ်သတ်မှတ် ပြီး လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ထုတ်ပေးပါတယ်။ အဆိုပါကျွန်းမြေတွေကိုစိစစ်ရာမှာ ကျေးရွာ အုပ်စုငါးအုပ်စုမှာ စုစုပေါင်းကျွန်းမြေ ၂၇၄၃ ဧကရှိကြောင်း သိရှိရပါတယ်။ သဲကုန်းကျေးရွာအုပ်စုမှာ ၅၅၈ ဧက၊ ဥက္ကံကျေးရွာအုပ်စုမှာ ၁၂၀ ဧက၊ သပြေကုန်းကျေးရွာအုပ်စုမှာ ၂၃၀ ဧက၊ မုတ္တမကျေးရွာ အုပ်စုမှာ ၄၃၅ ဧကနှင့် ထန်းပင်ချောင်ကြီးကျေးရွာအုပ်စုမှာ ၁၄၀၀ ဧကခန့်ဖြစ်ပါတယ်။ အဆိုပါ ကျေးရွာအုပ်စုငါးအုပ်စုအတွင်းမှာရှိတဲ့ ကျွန်းပေါ်မြေများ လုပ်ကိုင်ခွင့်ချထားတာနဲ့စပ်လျဉ်းပြီး ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ တင်ပြလာတဲ့ဒေသခံလယ်မဲ့၊ ယာမဲ့စာရင်း၊ သူရင်းငှားနှင့် လယ်ယာလုပ်သားစာရင်းတွေကိုအခြေခံပြီး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်နဲ့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ကို အတည်ပြုချက်ရယူဖို့ ဆက်လက်တင်ပြ ဆောင်ရွက်ပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ သဘောထားမှတ်ချက်နဲ့ လုပ်ပိုင်ခွင့်ချထား ပေးခြင်းတို့ကိုတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ထားကြောင်း စိစစ်သိရှိတင်ပြအပ်ပါတယ်။ သဲကုန်းကျေးရွာအုပ်စုမှာရှိတဲ့ ၅၅၈ ဧကအနက် ၂၄၅ ဧကကို ယင်းကျေးရွာအုပ်စုက စိစစ်တင်ပြလာ တဲ့ ဒေသခံလယ်မဲယာမဲ့ တောင်သူလယ်သမားစုစုပေါင်း ၇၉ ဦးကို ခွဲဝေချထားပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန်နေသေးတဲ့ဒေသခံတောင်သူ ၂၅ ဦးအတွက် ဧက ၁၁၃ ဧက ချထားပေးရန်ကိစ္စကိုတော့ တန်းစီဇယားအရ စိစစ်ဆဲဖြစ်ပါတယ်။ ကျန်ဧက ၂၀၀ ကို မွန်ငြိမ်းချမ်းကာကွယ်ရေးတပ်မှ ဦးနိုင်သန်းနဲ့ပါ ၄၀ ဦးက လျှောက်ထားလာမှုအပေါ်မှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ရဲ့ စိစစ်တင်ပြလာမှုအပေါ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ လုပ်ပိုင်ခွင့်ချထားပေးမှုမရှိဘဲ ဆိုင်းငံ့ထားကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ စီမံဆောင်ရွက်ထားရှိမှု ကို ၎င်းတို့ရဲ့တင်ပြချက်အရ သိရှိရပါတယ်။ ဥက္ကံကျေးရွာအုပ်စုမှာရှိတဲ့ဧက ၁၂၀ ကို ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က တင်ပြခဲ့တဲ့ ဒေသခံလယ်မဲ့ယာမဲ့ တန်းစီဇယားအရ ခွဲဝေချထားပေး နိုင်ဖို့ လယ်ယာမြေနည်းဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုချထားပေးဖို့ စိစစ်ဆောင်ရွက်လျက်ရှိပါ ကြောင်း တင်ပြအပ်ပါတယ်။

သပြေကုန်းကျေးရွာအုပ်စုမှာရှိတဲ့ ဧက ၂၃၀ ကိုတော့ တန်းစီဇယားအရ စုစုပေါင်းဒေသခံ တောင်သူ ၃၇ ဦးကို စိစစ်ချထားပေးခဲ့ပြီးဖြစ်ပါတယ်။ အလားတူ မုတ္တမကျေးရွာအုပ်စုမှာ စုစုပေါင်း ၄၃၅ ဧကရှိတဲ့အနက် လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကတည်းက ပေါ်ထွန်းခဲ့တဲ့ ကျွန်းမြေရင့် ၂၉၈ ဧကကို တော့ စိုက်ပျိုးမြေအဖြစ် လုပ်ကိုင်မှုတည်မြဲနေတဲ့အတွက် အဆိုပါ ၂၉၈ ဧကအတွက် တောင်သူ ၄၁ ဦးကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျန် ၁၃၇ ဧကကိုတော့ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ တင်ပြတဲ့ ဒေသခံလယ်မဲ့ယာမဲ့တန်းစီဇယားတွေအရ

ခွဲဝေချထားပေးနိုင်ဖို့ လယ်ယာမြေနည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ထန်းပင်ချောင်ကြီးကျေးရွာအုပ်စုရှိ ဧက ၁၄၀၀ ကိုတော့ ထန်းပင်ချောင်ကြီးကျေးရွာမှာ ဒေသခံလယ်မဲ့ယာမဲ့တန်းစီစာရင်း ၂၈၁ ဦးနှင့် တပ်မှူးချောင်ကျေးရွာမှ ဒေသခံ လယ်မဲ့ယာမဲ့တန်းစီစာရင်း ၈၀ ဦးတို့ကို လုပ်ပိုင်ခွင့်ပြုပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။ အဆိုပါစိစစ်ဆောင်ရွက်ဆဲကိစ္စရပ်တွေအပေါ်မှာလည်းပဲ အချိန်မီစိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ မိမိတို့ဝန်ကြီးဌာန ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ပေါင်မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာများအနီးမြေတွေဟာ မြေနုကျွန်းမြေများနှင့် မြေနုကျွန်းမှာ တည်မြဲလာတဲ့မြေရင့်များဖြစ်ပြီး အဆိုပါမြေများလုပ်ပိုင်ခွင့်ချထားခြင်းနှင့်စပ်လျဉ်းပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်ဖြင့်ဆောင်ရွက်ခဲ့မှုဖြစ်ပြီး နီးစပ်ရာအခြားသော ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများကို လုပ်ပိုင်ခွင့်ပြုခဲ့ခြင်းမရှိပါကြောင်းနှင့် အဆင့်ဆင့်သောလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များအနေနဲ့လည်းပဲ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ခဲ့တဲ့ကိစ္စရပ်ဖြစ်တဲ့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အား အရေးယူရန်မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက်စွာပေးနိုင်ရန်၊ နွေရာသီရေရှားပါးမှုပြဿနာဖြေရှင်းနိုင်ရန်၊ မြို့ရေပေးဝေမှု လုံလောက်ရန်အတွက် နန့်ပန်ချောင်းဖျား ဝိုးလိုင်းဒေသတွင် အလတ်စားရေလှောင်တမံတစ်ခု တည်ဆောက်ပေးရန်နှင့် အသေးစား ချောင်းပိတ်ဆည်ဖြစ်သော လဝဆည်တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းကျော်မိုး(မိုင်းပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မိုင်းပန်မဲဆန္ဒနယ်က ဦးစိုင်းကျော်မိုး ဖြစ်ပါတယ်။ ဒီကနေ့ကျွန်တော်တင်ပြမယ့်မေးခွန်းကတော့ မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက်စွာပေးနိုင်ရန်နှင့် နွေရာသီရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ရန်၊ မြို့ရေပေးဝေမှုလုံလောက်နိုင်ရန်အတွက် အလတ်စားတာတမံအသစ် တည်ဆောက်ပေးနိုင်ရန်နှင့် မူလရှိတဲ့ အသေးစားချောင်းပိတ်ဆည်ကို ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့မြို့တစ်မြို့ဖြစ်ပြီးတော့ မြို့နယ်အကျယ်အဝန်း ၉၅၀ စတုရန်းမိုင် ကျယ်ဝန်းပါတယ်။ စီးပွားရေးအရဖွံ့ဖြိုးတိုးတက်မှုနောက်ကျနေတဲ့ မြို့တစ်မြို့တစ်ခုဖြစ်ပြီးတော့ ဆန်းစပါးနှင့် ကြက်သွန်ဖြူသီးနှံများကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ နှစ်စဉ် မိုးရာသီကိုသာ အားထားစိုက်ပျိုးနိုင်ပြီးတော့နွေရာသီ ရေခက်ခဲတဲ့အတွက်ကြောင့်မို့လို့လည်း မစိုက်ပျိုးနိုင်ပါ။ မြို့နယ်အတွင်းမှာ လယ်ယာမြေစိုက်ပျိုးမြေဧကပေါင်း တစ်သောင်းကျော်ရှိပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ မိမိတို့ဒေသမှာနေထိုင်တဲ့ တိုင်းရင်းသားများဖြစ်တဲ့ လယ်ယာလုပ်ကိုင်သူလူတန်းစားများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်အစိုးရမှ အားပေးဆောင်ရွက်မည်ဆိုပါက ဒေသခံလယ်ယာလုပ်ကိုင်သူတို့ရဲ့ လယ်ယာကဏ္ဍကိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်

မှာဖြစ်ပါတယ်။ ဒါမှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာကာ တစ်ဦးချင်းဝင်ငွေများ တိုးတက်လာပြီးတော့ ဒေသတွင်းတိုင်းရင်းသားများဟာလည်း အိမ်နီးချင်းနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများအဖြစ်သွားရောက်လုပ်ကိုင်မှု လျှော့ကျသွားမှာဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများလည်းပိုမိုရရှိလာမှာဖြစ်ပါတယ်။ မိမိတို့ဒေသမှာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုလို့ရှိရင်မိုးရာသီတစ်ခုတည်းကိုသာ အားကိုးလို့မရနိုင်ပါ။ ဆည်ရေသောက်စနစ်ဖြင့် သီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းနှင့် ကြက်သွန်ဖြူသီးနှံစိုက်ပျိုးရန်အတွက် နွေရာသီ ရေလုံလောက်စွာရရှိမှသာ စိုက်ပျိုးမှုကဏ္ဍအောင်မြင်လာမှာဖြစ်ပါတယ်။ မိုင်းပန်မြို့နယ်မှာ ယခင်က လဝဆည်ဟောင်းတစ်ခုရှိခဲ့ပြီးတော့ ရေဝပ်ဧရိယာအနည်းငယ်သာရှိတဲ့အတွက် ၎င်းဆည်ဟာလည်းပဲ နမ့်ပန်ချောင်းကို ချောင်းပိတ်တမံအဖြစ်တည်ရှိခဲ့ပြီးတော့ နွေရာသီရေပေးဝေနိုင်မှု မရှိခဲ့ပါ။ ဒါ့အပြင် လွန်ခဲ့တဲ့ ၃ နှစ်ခန့်ကစပြီးတော့ နွေရာသီမှာ သစ်တောများပြုန်းတီးခြင်း၊ ရွှေ့ပြောင်းတောင်ယာများ စိုက်ပျိုးခြင်းတို့ကြောင့် မြို့နယ်လူထုအားထားရတဲ့ နမ့်ပန်ချောင်းရေလည်း ခန်းခြောက်သွားခဲ့တဲ့အတွက်ကြောင့် နွေရာသီမစိုက်ပျိုးနိုင်တဲ့အပြင် မီးဘေးအန္တရာယ်အတွက်လည်း မီးသတ်ကားများ ရေစုပ်စရာမရှိလောက်အောင် စိုးရိမ်စရာဖြစ်လာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါ။ အခုလို နွေရာသီရေရှားပါးတဲ့အခက်အခဲကိုဖြေရှင်းဖို့အတွက် ဒေသခံပြည်သူများရဲ့ တင်ပြချက်အရ နမ့်ပန်ချောင်းရေ ရာသီမရွေးစီးဆင်းစေရေးအတွက် နမ့်ပန်ချောင်းရဲ့ ရေဝေရေလဲ တို့မောင်းဒေသ၊ ဝိုးလိုင်းချောင်းဖျား တင်ပြပါ အပြာနဲ့ဝိုင်းထားတဲ့နေရာမှာ အလတ်စားတမံတစ်ခု တည်ဆောက်ပါက ရေလှောင်နိုင်တဲ့ပမာဏများစွာရှိပြီးတော့ကျေးရွာဒေသခံများရဲ့ စိုက်ပျိုးရေးဧရိယနဲ့လည်း လွတ်ကင်းမှာဖြစ်ပါတယ်။ တင်ပြပါနေရာကိုကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ဌာနဆိုင်ရာအဖွဲ့တွေ၊ ဒေသခံများနှင့်ပူးပေါင်းပြီးတော့ မြေပြင်ကွင်းဆင်းခဲ့ကြရာ အဆိုပြုနေရာမှာ ရေလှောင်တမံတစ်ခု တည်ဆောက်နိုင်ပြီးတော့နွေရာသီအချိန် နမ့်ပန်ချောင်းသို့ ရေလွှတ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါကတော့ ရေလှောင်တမံအဆိုပြုနေရာကနေပြီးတော့ အပြာရောင်နဲ့ပြထားတဲ့ ဝိုးလိုင်းချောင်းအတိုင်း လဝဆည်အဟောင်းကနေပြီးတော့ မိုင်းပန်မြို့ထဲကို ရေပေးဝေနိုင်မယ့်ပုံကို ပြထားတာဖြစ်ပါတယ်။ ဌာနမှပညာရှင်များနှင့်လည်း ကွင်းဆင်းတိုင်းတာခြင်းပြုလုပ်ပါကလည်း ပိုမိုတိကျတဲ့အဖြေ ထွက်ရှိလာမှာဖြစ်ပါတယ်။ ၎င်းရေလှောင်တမံတည်ဆောက်ပေးနိုင်ရန်အတွက် ဌာနဆိုင်ရာနဲ့ ဒေသခံပြည်သူများရဲ့ ဆွေးနွေးထောက်ခံပွဲကိုလည်းပဲ ၂၉-၄-၂၀၁၇ ရက်နေ့မှာ ပြုလုပ်ခဲ့ပြီး ကန့်ကွက်မှုမရှိ အားလုံးသဘောတူညီခဲ့ကြပါတယ်။ ဒါကတော့ ဝန်ကြီးဌာနကနေပြီးတော့ မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးနေတဲ့ပုံဖြစ်ပါတယ်။ ဒါ့အပြင် မူလရေလှောင်တမံဟောင်းဖြစ်တဲ့ နမ့်ပန်ချောင်းပိတ် လဝဆည်ကို ရေဝပ်ဧရိယာကျယ်ပြန့်စေရန်အတွက် တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးခြင်းအားဖြင့်လည်း နွေရာသီရေထိန်းထားနိုင်ပြီးတော့ ရေရှားပါးမှုအခက်အခဲကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မိုင်းပန်မြို့နယ်အတွင်း လယ်ယာမြေများ ရေလုံလောက် စွာပေးနိုင်ရန်နှင့် နွေရာသီရေရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန်၊ မြို့ရေပေးဝေမှုလုံလောက်နိုင်ရန်အတွက်နမ့်ပန်ချောင်းဖျား ဝိုးလိုင်းဒေသမှာ အလတ်စားရေလှောင်တမံတစ်ခု တည်ဆောက်ပေးရန် အစီအစဉ်

ရှိ/မရှိနှင့် မူလရှိတဲ့ အသေးစားချောင်းပိတ်ဆည် လဝဆည်တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံတိုင်းရင်းသားများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုးရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေ စိုက်ပျိုးရေလုံလောက်စွာပေးဝေဖို့နဲ့ ဒေသအတွင်း သောက်သုံးရေဖူလုံစေရန်အတွက် ရေလှောင်တမံတည်ဆောက်ပေးရန် အဆိုပြုတဲ့ နေရာဟာ မိုင်းပန်မြို့နယ်၊ ဝိုးလိုင်းကျေးရွာအနီး ဝိုးလိုင်းချောင်းပေါ်မှာတည်ရှိပါတယ်။ အဆိုပါချောင်းဟာ တစ်နှစ်ပတ်လုံး ရေစီးဆင်းလျက်ရှိပြီး နမ့်ပန်ချောင်းထဲကိုစီးဝင်ပါတယ်။ လက်ရှိမှာ နမ့်ပန်ချောင်းပေါ်မှာ လဝရေလွှဲဆည်ကိုတည်ဆောက်ထားပြီးတော့ လယ်မြေဧက ၆၉၃ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ ဝိုးလိုင်းချောင်းပေါ်မှာ ရေလှောင်တမံတည်ဆောက်နိုင်မယ်ဆိုရင်တော့ လဝရေလွှဲဆည်ရေသောက်ဧရိယာ ၆၉၃ ဧကအပါအဝင် စုစုပေါင်းလယ်ယာမြေ ၁၂၂၃ ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် မိုင်းပန်မြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာတွေအတွက် သောက်သုံးရေလည်းဖူလုံစွာပေးဝေနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် ဝိုးလိုင်းရေလှောင်တမံတည်ဆောက်ဖို့ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ ဆန်းစစ်လေ့လာဖို့အတွက် အကြိုစူးစမ်းတိုင်းတာ လေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝထိခိုက်ပျက်စီးမှု ဆန်းစစ်လေ့လာခြင်း စသည့်လုပ်ငန်းရပ်တွေကို ဆောင်ရွက်ပြီးတဲ့နောက် စီမံကိန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိပြီး စီမံကိန်းကုန်ကျစရိတ်နှင့် လူတို့ရဲ့ခံစားရမယ့် အကျိုးအမြတ်အခြေအနေကိုစိစစ်ကာ ဒီဇိုင်းပုံစံပြုပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်မှုနဲ့အတူ လိုအပ်ရန်ပုံငွေကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၈-၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ-စက်တင်ဘာလ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မြေပြင်တိုင်းတာခြင်းလုပ်ငန်းတွေ ဆောင်ရွက်ပြီးစီးပြီးဖြစ်ပါတယ်။ ဘူမိဗေဒနှင့် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ စူးစမ်းလေ့လာမှုတွေအရ စီမံကိန်းဆောင်ရွက်ဖို့ ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးနိုင်မှုရှိ/မရှိ ဆန်းစစ်လေ့လာခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

လဝရေလွှဲဆည်တိမ်ကောလာမှုကို ပြန်လည်တူးဖော်ပေးဖို့ကိစ္စနှင့်ပတ်သက်ပြီး အဆိုပါ ရေလွှဲဆည်မှာ နမ့်ပန်ချောင်းပေါ်မှာတည်ရှိတဲ့အတွက် ဒေသကတည်ဆောက်ထိန်းသိမ်းထားတဲ့ကွန်ကရစ်

ရေလွှဲဆည်တစ်ခုလည်းဖြစ်ပါတယ်။ လယ်ယာမြေ ၆၉၃ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိတဲ့အပြင် မိုင်းပန်မြို့နှင့်အနီးဝန်းကျင်ရှိ ဟိုဖိုင်လုံကျေးရွာမှ ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးအတွက်ကိုလည်းပဲ အကျိုးပြုလျက်ရှိပါတယ်။ လဝရေလွှဲဆည်ဟာ မိုင်းပန်ချောင်းသဲနုန်းပို့ချမှုများပြားပြီး တိမ်ကော လာတဲ့အတွက် သဲနုန်းပြန်လည်တူးဖော်ပေးရေးအတွက် လိုအပ်မယ့်ရန်ပုံငွေကို ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ သာမန်အသုံးစရိတ်ရန်ပုံငွေမှာ ခွဲဝေချထားပြီး ဖြစ်တဲ့အတွက် လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာမှာ အားလုံးလုပ်ငန်းပမာဏရဲ့ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအချိန်မှာ ဒေသနေတောင်သူများအနေနဲ့ နမ့်ပန်ချောင်းနံဘေး ကြက်သွန်ဖြူနှင့်ပဲပုတ်များ စိုက်ပျိုးထားတဲ့အတွက် စက်ယန္တရားများနဲ့ လုပ်ငန်း ဆောင်ရွက်တဲ့နေရာမှာ စိုက်ခင်းများနှင့်လွတ်ကင်းမှုမရှိနိုင်သေးတဲ့အတွက် သီးနှံများရိတ်သိမ်းပြီးချိန် ဖြစ်တဲ့ မတ်လ ပထမပတ်အတွင်းမှာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် မိုင်းပန်မြို့နယ်အတွင်းရှိ ဝိုးလိုင်းရေလှောင်တမံတည်ဆောက်ဖို့ ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပြီးတဲ့နောက် ဖြစ်မြောက်နိုင်စွမ်းရှိပါက ဒီဇိုင်းပြုတွက်ချက်ပြီး ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံသွားမှာဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လဝရေလွှဲဆည်မှာ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းအနေနဲ့ တောင်သူတွေစိုက်ပျိုးထားတဲ့ သီးနှံများရိတ်သိမ်းပြီးတဲ့အချိန် ၂၀၁၈ ခုနှစ် မတ်လ ပထမအပတ်မှာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ်အတွင်း အပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ် ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ် စာချုပ်ချုပ်ပြီး ငှားရမ်းရာတွင် ငှားရမ်းလုပ်ကိုင်သူအနေဖြင့် မူလငှားရမ်းစဉ်လုပ်ကိုင်သောလုပ်ငန်းမှာ အဆင်မပြေ တော့သောကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာတွင် နိုင်ငံတော်သို့ ပေးဆောင် ရသော အခကြေးငွေကို နှုန်းထားပြောင်းလဲပြီး စာချုပ်ချုပ်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ချိုချို(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ နိုင်ငံပိုင်စက်ရုံတချို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ်ချုပ်ပြီး ငှားရမ်းတဲ့နေရာမှာ ငှားရမ်းလုပ်ကိုင်သူအနေနဲ့ မူလငှားရမ်းလုပ်ကိုင်သောလုပ်ငန်းဟာ အဆင်မပြေ တဲ့အတွက်ကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာမှာ နိုင်ငံတော်ကိုပေးဆောင်ရတဲ့ အခကြေးငွေကို နှုန်းထားပြောင်းလဲပြီး စာချုပ်ချုပ်ရန်အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မေးခွန်းမေးမြန်းရခြင်းရဲ့ အကြောင်းအရင်းကို တင်ပြလိုပါတယ်။ နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ချုပ်စာချုပ်များချုပ်ဆိုပြီး ငှားရမ်းရာမှာ စာချုပ်ပါသတ်မှတ်ချက်များ၊ ရည်မှန်းချက်များအတိုင်း မဆောင်ရွက်ဘဲ လုပ်ငန်းများပြောင်းလဲလုပ်ဆောင်မှုများရှိနေပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာရှိတဲ့ အုတ်တွင်းချဉ်ပေါင်ပျော့ဖက်စက်ရုံကို ၂၀၀၂ ခုနှစ်မှာစတင်တည်ထောင်ပြီး ၂၀၀၇ ခုနှစ်မှာစတင်လည်ပတ်ခဲ့ပါတယ်။ ထိုသို့လည်ပတ်ရာမှာ စက်ပြင်ဆင်မွမ်းမံရန် လိုအပ်တဲ့ရန်ပုံငွေခက်ခဲခြင်း၊ စက်များရဲ့အရည်အသွေးကျဆင်း၍ စွမ်းအားပြည့်မလည်ပတ်နိုင်ခြင်း၊ လိုအပ်တဲ့ကုန်ကြမ်းလျှော်များ အပြည့်အဝမရခြင်းတို့ကြောင့် နှစ်စဉ်အရှုံးပေါ်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ စက်ရုံအား ပုဂ္ဂလိကသို့ငှားရမ်းရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်မတင်ပြချင်တာကတော့ စက်ရုံတည်ဆောက်ချိန်နဲ့ လုပ်ငန်းလည်ပတ်တဲ့အချိန်ကာလများစွာမကြာသေးခင်မှာ စက်များရဲ့အရည်အသွေးကျဆင်း၍ စွမ်းအားပြည့်မလည်ပတ်နိုင်ခြင်းမှာ သဘာဝမကျပါဘူး။ စတင်ပြီးတည်ဆောက်စဉ်ကတည်းက အရည်အသွေးပြည့်မီခြင်းမရှိတဲ့ တစ်ပတ်ရစ်စက်တွေကို ဝယ်ယူတပ်ဆင်ထားခြင်းရှိ/မရှိ သံသယဖြစ်စရာရှိပြီး ကုန်ကျခဲ့တဲ့နိုင်ငံတော်ဘတ်ဂျက်များမှာလည်း အလဟဿဖြစ်စေခဲ့ပါတယ်။

ထို့အပြင် စက်ရုံမတည်ခင်ကတည်းက လိုအပ်သောကုန်ကြမ်း၊ လုပ်အားနှင့် အခြားသွင်းအားစုများ ပြည့်ပြည့်ဝဝရရှိနိုင်မှုရှိ/မရှိကို လေ့လာမှုမရှိဘဲ တည်ဆောက်ခဲ့မှန်းပေါ်လွင်နေသလို စက်ရုံတည်ဆောက်စဉ်ကလည်း ဒေသခံပြည်သူတွေရဲ့ လယ်ယာမြေနှင့်အခြားမြေ ၃၁၁ ဧကကို တစ်စုံတစ်ရာလျော်ကြေးပေးထားခြင်းမရှိဘဲ သိမ်းဆည်းကာတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်အစိုးရရဲ့မူဝါဒအရ အရှုံးပေါ်တဲ့စက်ရုံများအား နိုင်ငံပိုင်ကဏ္ဍမှ ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းစေခြင်းအားဖြင့် စက်ရုံအတွက်နှစ်စဉ်လိုအပ်စေတတ်သော ပြုပြင်ထိန်းသိမ်းရေး၊ ကုန်ကျငွေများအပါအဝင် နိုင်ငံခြားမှဝယ်ယူအစားထိုးလဲလှယ်တပ်ဆင်ရန် လိုအပ်တဲ့စက်အပိုပစ္စည်းများဝယ်ယူရန်အတွက် နိုင်ငံခြားငွေလိုအပ်ချက်အား ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမှပင်ကျခံဆောင်ရွက်မည်ဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ကုန်ကျစရိတ်များ သက်သာမှုရှိမည်မှာအမှန်ဖြစ်ပါတယ်။ ထို့အတွက်ကြောင့် အုတ်တွင်းချဉ်ပေါင်ပျော့ဖက်စက်ရုံကို ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းလုပ်ကိုင်စေရာမှာ ၁-၁-၂၀၁၃ ရက်နေ့တွင် ကျော်ထက်ကျော်ကုမ္ပဏီမှ တစ်နှစ်လျှင် ၈၀ သိန်းနှုန်းဖြင့် နှစ် ၃၀ ငှားရမ်းစာချုပ်ချုပ်ခဲ့ပါတယ်။ ငှားရမ်းသဘောတူစာချုပ်မှာလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် တပ်ဆင်ထားတဲ့စက်ကိရိယာများအား ပြင်ဆင်ဖြည့်စွက်ခြင်း၊ မွမ်းမံခြင်း၊ ချဉ်ပေါင်လျှော်ဖြင့်ပြုလုပ်သော ကမ္ဘာ့အဆင့်မီချဉ်ပေါင်ပျော့ဖက်များ ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးမြင့်တဲ့စက်ရုံဖြစ်လာပြီး နိုင်ငံတော်၏စက်မှုအခန်းကဏ္ဍအား မြှင့်တင်နိုင်စေရန်ဟု ပါရှိပေမဲ့ လက်တွေ့မြေပြင်ပကတိအခြေအနေမှာတော့ အကြောင်းပြချက်အမျိုးမျိုးနဲ့ ငှားရမ်းစာချုပ်ချုပ်စဉ်ကတည်းက ယခုအချိန်ထိ စက်ရုံဟာ လည်ပတ်ခြင်းမရှိတော့ပါဘူး။

ဥက္ကဋ္ဌကြီးရှင့်။ စက်ရုံမလည်ပတ်ခြင်းကြောင့် စက်ရုံရဲ့ဝန်ထမ်းလစာ၊ လျှပ်စစ်ဓာတ်အားခနဲ့ အခြားစီမံစရိတ်တွေ ကုန်ကျသက်သာသည်မှာအမှန်ဖြစ်ပေမဲ့ ဒေသခံပြည်သူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသလို အလုပ်ရပ်ဆိုင်းခြင်းခံရတဲ့ဝန်ထမ်းတွေရဲ့နစ်နာမှုအတွက်လည်း တစ်စုံတစ်ရာထောက်ပံ့ကူညီပေးမှုများ မရရှိခဲ့ပါဘူး။ စာချုပ်ပါရည်ရွယ်ချက်များကို အကောင်အထည်

မဖော်ဘဲ စက်ရုံငှားရမ်းခကိုလည်း ဒေသခံပြည်သူတွေထံမှ မတရားသိမ်းဆည်းထားတဲ့ လယ်ယာမြေများထဲမှ ဧက ၁၆၀ ခန့်ကို တောင်သူလယ်သမားများထံသို့ နွေ၊ မိုး တစ်သိန်းဖြင့် သီးစားချငှားရမ်းလုပ်ကိုင်စေပြီး ၎င်းငှားရမ်းခမှရရှိတဲ့ငွေများဖြင့်ပေးဆောင်ပြီး အသားတင်အမြတ်ကို ခံစားနေခြင်းဖြစ်တဲ့အတွက်ကြောင့် ဒေသခံတောင်သူတွေကတော့ လယ်ပိုင်ရှင်ဘဝကနေ သီးစားအဖြစ်သို့ ရောက်ရှိသွားတဲ့အတွက်ကြောင့်မို့လို့ အထက်ပါမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုအနေနဲ့ နိုင်ငံပိုင်စက်ရုံအချို့ကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အခကြေးငွေနှင့် နှစ်ချုပ်စာချုပ်ချုပ်ပြီး ငှားရမ်းရာမှာ ငှားရမ်းလုပ်ကိုင်သူအနေနဲ့ မူလငှားရမ်းစဉ်လုပ်ကိုင်တဲ့လုပ်ငန်းဟာ အဆင်မပြေတော့သောကြောင့် အခြားလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်ရာမှာ နိုင်ငံတော်သို့ပေးဆောင်ရတဲ့ အခကြေးငွေကို နှုန်းထားပြောင်းပြီး စာချုပ်ချုပ်ဆိုရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်ပေးပါမည်နှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ ယင်းနှင့်စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ စက်မှုဝန်ကြီးဌာနရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်တဲ့နေရာမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေ ဘတ်ဂျက်အသုံးစရိတ်များ ကန့်သတ်ချက်များရှိလာခြင်း၊ အစိုးရကသာဆောင်ရွက်တဲ့ နိုင်ငံပိုင်လုပ်ငန်းများဖြစ်တဲ့ SOE များ လျှော့ချရန်လိုအပ်ခြင်းနှင့် ပုဂ္ဂလိကအခန်းကဏ္ဍမြှင့်တင်ဖို့ လိုအပ်တဲ့ အချက်အလက်တွေအပေါ်မှာအခြေခံပြီး နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံ၊ မြေနှင့်အဆောက်အအုံများကို နိုင်ငံတော်ပိုင်အဖြစ်မှ မပျောက်ပျက်စေဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ကာလတို၊ ကာလရှည် ငှားရမ်းဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံတွေကို ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ အခကြေးငွေနဲ့ နှစ်ချုပ် စာချုပ်ချုပ်ပြီးငှားရမ်းရာမှာ ငှားရမ်းလုပ်ကိုင်သူအနေနဲ့ မူလငှားရမ်းလုပ်ကိုင်နေတဲ့လုပ်ငန်းမှာ အဆင်မပြေတော့တဲ့အတွက်ကြောင့် အခြားသောလုပ်ငန်းတစ်ခုကို ပြောင်းလဲလုပ်ဆောင်လိုရင် အငှားချထားသော ဝန်ကြီးဌာနရဲ့သဘောတူခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမယ့်အခြေအနေဖြစ်ပါတယ်။ အငှားချထားခြင်းခံရသူ(ပုဂ္ဂလိကလုပ်ငန်းရှင်)က မူလအငှားစာချုပ်မှာမပါဝင်တဲ့ အခြားလုပ်ငန်းပြောင်းလဲဆောင်ရွက်ရန်တင်ပြလာမယ်ဆိုရင် ဝန်ကြီးဌာနအနေနဲ့ ပြည်လည်စိစစ်သုံးသပ်ခြင်း၊ ဆက်စပ်ဌာနတွေရဲ့ အကြံဉာဏ်များရယူခြင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားများရယူခြင်းစတဲ့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဦးစွာဆောင်ရွက်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်နဲ့

စီမံဆောင်ရွက်ရပါတယ်။ အဲဒီနောက်မှာ လုပ်ငန်းဆောင်ရွက်ရန် မြေအသုံးချမှု၊ အဆောက်အအုံ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းတို့ကို ဝန်ကြီးဌာနရဲ့ခွင့်ပြုချက်ကို ပြန်လည်ရယူစေပြီးတော့ ငှားရမ်းခများ လိုအပ်ပါက Third Party အနေနဲ့ ကွင်းဆင်းစစ်ဆေးမှု၊ ဒေသကာလပေါက်ဈေးများနှင့်နှိုင်းယှဉ်ပြီး ငှားရမ်းနှုန်းထားများ သင့်လျော်မှုရှိလို့ရှိရင် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကို ပြန်လည်တင်ပြအတည်ပြုချက်ရယူပြီး စာချုပ်ပြင်ဆင်ချုပ်ဆိုဆောင်ရွက်ရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အုတ်တွင်းချဉ်ပေါင်လျှော်စက်ရုံအနေနဲ့ မူလ ရည်မှန်းချက်ပါ လုပ်ငန်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအားနည်းတဲ့အတွက် ကြောင့်မို့လို့ အဆိုပါကုမ္ပဏီကို မိမိတို့ဝန်ကြီးဌာနမှာရှိတဲ့ ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံ၊ ခြံ၊ စိုက်ကွင်း များ ငှားရမ်းရေးကော်မတီကတွေ့ဆုံပြီး လိုအပ်တဲ့အသိပေးမှု၊ သတိပေးမှုများဆောင်ရွက်ခဲ့ပြီး ဖြစ်ပါ တယ်။ အခြားသော ၎င်းတို့ရဲ့ဒေသနဲ့ကိုက်ညီမယ့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လိုမယ်ဆိုလို့ရှိရင်တော့ Project Proposal ပြန်လည်တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက် ရမယ့်အကြောင်းလည်းပဲ အသိပေးဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အထဲမှာပါတဲ့ မြေယာများနှင့်စပ်လျဉ်းပြီးတော့ အရှုပ်အရှင်းနဲ့ပတ်သက်ပြီး ရှင်းလင်းသွားရန်အတွက် ပြန်လည်စိစစ်ပြီးတော့မှ အကယ်၍ ထပ်ပြီးတော့တင်ပြလာမယ့် ဆောင်ရွက်မယ့်လုပ်ငန်းအပေါ်မှာမူတည်ပြီးတော့ ဒီစာချုပ်ကိုမချုပ်ဆိုခင် မြေယာအရှုပ်အရှင်းများရှိမယ်ဆိုလို့ရှိရင် လုပ်ထုံးလုပ်နည်း၊ ဥပဒေနဲ့အညီ ဆက်လက်စီမံဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း မိမိတို့ရဲ့ဖြေကြားချက်ကို တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဒီလိုကိစ္စမျိုးတွေကို စနစ်တကျစိစစ်သင့်ပါ တယ်။ မေးတဲ့မေးခွန်းမှာရှင်းရှင်းလေးပေါ်သွားတာက တစ်နှစ်ကို သိန်း ၈၀ နဲ့ငှားတယ်။ ဧက ၁၂၀ ကျော်တော့ တစ်ဧကတစ်သိန်းနှုန်းနဲ့ ပြန်ယူတယ်။ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းအတိုင်းမလုပ်ဘူး။ ပဋိညာဉ်ဖောက်ဖျက်တယ်။ အဲဒီတော့ ဒီလိုပဋိညာဉ်ဖောက်ဖျက်ပြီးတော့ စာချုပ်ပါစည်းမျဉ်းစည်းကမ်း အတိုင်းမလုပ်ဘဲနဲ့ နိုင်ငံတော်ကိုတော့ သိန်း ၈၀ နဲ့ငှားပြီးတော့ သီးစားပြန်ချတော့ တစ်ဧက တစ်သိန်း ယူတော့ သိန်း ၁၂၀ ကျော် အသားတင်အမြတ်မြတ်တယ်။ တကယ့်စာချုပ်ပါတဲ့စည်းကမ်းအတိုင်း မလုပ်ဘူးဆိုတဲ့ဟာမျိုးကိုတော့ ခုနက ဝန်ကြီးဌာနဖြေသွားတဲ့ထဲမှာ ပါပါတယ်။ သက်ဆိုင်ရာလုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမယ်ဆိုတော့ သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ သတိပေး ခြင်း၊ ဆောင်ရွက်ခြင်းဆိုတာလည်း ဆောင်ရွက်သလို ပဋိညာဉ်ဖောက်ဖျက်တဲ့ကိစ္စတွေမှာ ပဋိညာဉ် အက်ဥပဒေကလည်း တိတိကျကျလုပ်ကိုင်စေချင်ပါတယ်။ ဒါမှသာလျှင် ဒါအခုပေါ်လာတဲ့ကိစ္စ။ မပေါ်လာတဲ့ကိစ္စတွေလည်းရှိဦးမှာပါ။ ဒါကြောင့်မို့လို့ ဒါတွေကိုတော့ ဝန်ကြီးဌာနအနေနဲ့ တရားဥပဒေ စိုးမိုးရေးကို အထောက်အပံ့ပေးသောအားဖြင့် ဥပဒေနဲ့အညီ ကြိုးစားပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးချင်လိုပါတယ်။ လွှတ်တော်အနေနဲ့ ဝန်ကြီးဌာနကို အသိပေးအပ်ပါတယ်။

**ဒေးဒရဲမြို့နယ်၊ နှစ်သီးစားလယ်များတွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ်ဆက်တိုက်မိုးစပါး စိုက်လယ်ဧကများ ပျက်စီးနေခြင်းကိစ္စနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်ညို(ဒေးဒရဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညို ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ဒေးဒရဲမြို့နယ်အတွင်း ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်နှစ်ဆက်တိုက် မိုးစပါးများ၊ လယ်များပျက်စီးနေခြင်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျွန်မတို့ ဒေးဒရဲမြို့နယ်ဟာ ပင်လယ်နဲ့နီးစပ်တဲ့အတွက်ကြောင့်မို့လို့ နုန်းမြေ၊ ရွှံ့မြေဖြစ်တဲ့အတွက်ကြောင့်မို့လို့ စပါးတစ်မျိုးတည်းကိုပဲ စိုက်ပျိုးကြပါတယ်။ ပင်လယ်ပိုင်းနဲ့နီးတဲ့နေရာမှာ မိုးစပါးတစ်သီးသာစိုက်ပျိုးလို့ရပြီးတော့ အတွင်းပိုင်းနေရာကတော့ နှစ်သီး၊ ဆောင်းစပါး၊ မိုးစပါးနှစ်သီးစိုက်ကြပါတယ်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးနောက်ပိုင်းမှာ လယ်စိုက်ပျိုး၍မကောင်းတော့ဘူးလို့ လယ်သမားတွေက ပြောကြပါတယ်။ ၂၀၁၃ ခုနှစ်ကစပြီး ထိခိုက်ပျက်စီးမှုစများလာတာက မိုးများတဲ့နှစ်တွေမှာ ပိုဆိုးပါတယ်။ ၂၀၁၄ ခုနှစ်ကစပြီးတော့ ရွှေခရုကလည်းပါပြီးတော့ တစ်ဖန်နှိပ်စက်လာပါတယ်။ ၂၀၁၅ ခုနှစ်မှာ မိုးမှန်၍ သိပ်မဆိုးသော်လည်း ၂၀၁၆ ခုနှစ်မှာ မိုးအလွန်များပါတယ်။ တစ်လလုံးမိုးရွာပြီးတော့ လယ်ကွင်းတွေမှာရေတွေဖုံးပြီးတော့ ရေပြင်ကြီးပဲ ဖြစ်နေပါတယ်။ ရေကျလို့ပြန်စိုက်တဲ့အခါကျတော့လည်း အပင်ပေါက်တော့ ရွှေခရုကထပ်ပြီးနှိပ်စက်ပြန်ပါတယ်။ တစ်ခါကျဲမရ ရေကျလို့ပြန်စိုက်တော့ ကျန်တဲ့တစ်ခါကျဲပြန်စိုက် ပြန်ပြန်ပျက် ပြန်ကျဲ ပြန်စိုက်နဲ့ သုံးခါကျတဲ့အခါကျတော့ အချိန်ကုန်သွားပြီဖြစ်တဲ့အတွက်ကြောင့်မို့လို့ မိုးစပါးမရတော့ပါဘူး။ မြေကြီးကလည်း အချဉ်နံ့ပေါက်လာတယ်လို့ ပြောပါတယ်။ တချို့လယ်သမားတွေက ခရုသတ်ဆေးသုံးကြပါတယ်။ ခရုသတ်ဆေးသုံးကြတဲ့အခါကျတော့ ခရုတွင်မကဘဲနဲ့ ငါးကလေးတွေပါ အများအပြားသေဆုံးတာကို တွေ့ခဲ့ရပါတယ်။ ဆေးမသုံးဘဲနဲ့ ခရုကိုကောက်ပစ်ပါလို့ပြောတဲ့အခါကျတော့ ခရုကဒီနေ့ကောက်ပစ်တယ်။ နောက်တစ်နေ့ပြန်ရောက်လာပါတယ်။ လယ်နီးနားချင်းက တစ်ခါပြန် ရောက်လာတာရှိတယ်။ ဒီရေနဲ့အတူပြန်ပါလာတာရှိတယ်ဆိုတော့ ကောက်လို့မဆုံးနိုင်တာ ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ်ကျတော့ ဒီခရုကနှစ်သီးစားလယ်မှာမကဘဲနဲ့ ပင်လယ်နားနီးတဲ့ တစ်သီးစားလယ်တွေပါ ပျံ့နှံ့ပြီးတော့ နှောက်ယှက်လာတာကို တွေ့ရပါတယ်။ နှစ်သီးစားနေရာက မိုးစပါးမရပေမဲ့ ဆောင်းစပါးရလို့ အားကိုးစရာရှိပေမဲ့ မိုးစပါးတစ်သီးနေရာတွေမှာတော့ ဒုက္ခရောက်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ Power Point အသုံးပြုခွင့်ပေးပါရှင့်။ ၂၀၁၃ ခုနှစ်ကနေ တဖြည်းဖြည်း ပျက်စီးလာတဲ့ဥစ္စာ ၂၀၁၆-၂၀၁၇ နှစ်မှာ ၂၄၈၇၅ ဧကပျက်စီးသွားပါတယ်။ ယခုနှစ် ၂၀၁၇ ခုနှစ်မှာလည်း ဧကပေါင်း ၁၁၃၇၉ ဧကပျက်စီးပါတယ်။ မည်သည့်ပံ့ပိုးမှုမှ အခုချိန်ထိမရခဲ့ပါဘူး။ ဒေးဒရဲ စိုက်ဘဏ်စာရင်းအရလည်း လယ်ပျက်ပြီးနောက်ပိုင်း စိုက်ဘဏ်စာရင်းကိုမေးကြည့်တဲ့အခါကျတော့ ၂၀၁၃ ခုနှစ်မတိုင်ခင်ကတော့ ကြွေးကျန်မရှိဘူးတဲ့။ ၂၀၁၃ ခုနှစ်နောက်ပိုင်းကစပြီးတော့ ကြွေးကျန်များလာတဲ့ဥစ္စာက တဖြည်းဖြည်းများလာတာ ၂၀၁၆ ခုနှစ်မှာကျတော့ ၁၂၀၀၀၀ ကျော်ဖြစ်လာပါတယ်။ ဒေးဒရဲစိုက်ဘဏ်ရဲ့ ကြွေးစုစုပေါင်း ခုချိန်ထိဆိုလို့ရှိရင် သိန်းပေါင်း ၅၀၀၀၀ ကျော်ကျန်ရှိနေပါတယ်။ လယ်သမားတွေဟာ အဖျက်အစီးမရှိဘဲနဲ့ စပါးပုံမှန်ကောင်းနေရင်တောင်မှပဲ စိုက်ပျိုးစရိတ်ကုန်ကျငွေနဲ့ပြန်ရတဲ့ငွေဟာ သိပ်ကိုက်တာမဟုတ်ပါဘူး။ ဒီလိုမျိုးပျက်စီးမယ်ဆိုလို့ရှိရင် ပိုပြီးတော့ ဒုက္ခရောက်ကြပါတယ်။ ဒါက ရွှေခရုကိုက်နေတဲ့ပုံဖြစ်ပါတယ်။ ဒါက ရွှေခရုရဲ့ဥပါ။ ဥတစ်ဥဆိုရင်

အကောင်ပေါင်းများစွာပေါက်ပါတယ်။ ဒါရွှေခရုလိုက်ကောက်နေတဲ့ပုံဖြစ်ပါတယ်။ ရွှေခရုတွေရဲ့အိတ်တွေပါ။ အဲဒီလောက်ကောက်ပြီးလည်း နောက်နေ့ပြန်ရောက်လာပါတယ်။ လယ်ကွင်းမှာ စပါးတွေ အဲဒီလို ပျက်စီးကြရပါတယ်။ လယ်ထဲမှာ စပါးတစ်ခါကျဲရင်တောင်မှ ငွေ ၅၀၀၀၀ ကနေ ၉၀၀၀၀ အထိကုန်ကျပါတယ်။ သုံးခါလောက်ကျဲမယ်ဆိုရင် သိန်းကျော်သွားပါပြီ။ ပျက်စီးမယ်ဆိုရင် လယ်သမားတွေက အများကြီးထိခိုက်ရပါတယ်။ လယ်သမားတွေက စိုက်ပျိုးစရိတ်ကို စောစောက စိုက်ပျိုးစရိတ်ချေးငွေ၊ Pact၊ IDE၊ သမဝါယမချေးငွေ စသည့်ချေးငွေတို့ကိုယူပြီးတော့ ဒီကနေ ဟိုလှည့်ဆပ် လှည့်ပတ်ဆပ်နေကြပြီးတော့ အကြွေးပတ်လည်ရိုက်ပြီးတော့ နောက်ဆုံးတော့ အကြွေး မဆပ်နိုင်လို့ လယ်ရောင်းပစ်ပြီးအကြွေးဆပ်ရတာ တဖြည်းဖြည်းများလာပါတယ်။ လယ်ထိခိုက်၍ ကြွေးမဆပ်နိုင်တဲ့အခါကျတော့ နိုင်ငံတော်ရဲ့စိုက်ပျိုးစရိတ်ချေးငွေဆုံးသလို စပါးမရတဲ့အတွက်လည်း စပါးလည်းဆုံးရှုံးရပါတယ်။ ၂၀၁၇ ခုနှစ် လယ်ဧကပျက်စီးတာက ၁၃၃၇၅ ဧက တွက်ကြည့်မယ်ဆိုရင် တစ်ဧကကို တင်း ၄၀ နှုန်းနဲ့ စပါးတစ်တင်းကို ၅၀၀၀ ကျပ်နှုန်းနဲ့ဆိုစုစုပေါင်း သိန်းပေါင်း ၂၅၇၅၈ သိန်းကျပ်ဆုံးရှုံးပါတယ်။ ဒါစပါးမရတာအတွက်ပါ။ လယ်သမားအတွက်ကတွက်မယ်ဆိုရင်လည်း စရိတ်က တစ်ဧကကို ၈၀၀၀၀ နှုန်းနဲ့ပျမ်းမျှတွက်မယ်ဆိုရင် ဧကပေါင်း ၁၃၃၇၉ ဧကအတွက် သိန်းပေါင်း ၁၀၀၀၀ ကျော်ဆုံးရှုံးရပါတယ်။ ဒီဆုံးရှုံးမှုဟာ တစ်နှစ်ဆိုရင်တော်သေးတယ်။ နှစ်နှစ်ဆိုရင်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်ညိုအနေနဲ့ မိမိဒေသအတွင်းမှာရှိတဲ့ တောင်သူလယ်သမားများ ခံစားနေရတဲ့ အခြေအနေပေါ်မှာ စာနာမှုတရားအပြည့်အဝနှင့် အခုလိုမေးခွန်းမေးမြန်းတဲ့အပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျေးဇူးအထူးပင်တင်ရှိပါကြောင်း တင်ပြရင်းနဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားပေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေးဒရဲမြို့နယ်ရဲ့မိုးရွာသွန်းမှုမှာ ရေကြီးကွင်းများရှိနေတဲ့အခြေအနေကို တင်ပြရမယ်ဆိုရင် ဒေးဒရဲမြို့နယ်ဟာ နှစ်စဉ်ပုံမှန်မိုးရွာရင် ၁၁၀ နဲ့ပျမ်းမျှမိုးရေချိန် ၁၀၉ လက်မရှိပါတယ်။ ဇူလိုင်လနဲ့ ဩဂုတ်လတွေဟာ မိုးရွာသွန်းမှုများခြင်းနှင့် ထူးကဲတဲ့ ဒီရေတက်ခြင်းကို ဖြစ်ပေါ်လေ့ရှိပါတယ်။ ဒေးဒရဲမြို့နယ်တစ်မြို့နယ်လုံး နှစ်စဉ်နီးပါး မိုးစပါး ၁၇၄၀၀၀ ခန့်စိုက်ပျိုးပါတယ်။ မြေပြင်အနေအထားအရ နှစ်စဉ်ရေကြီးနစ်မြုပ်ဖြစ်ပေါ်လေ့ရှိတဲ့ ရေကြီးကွင်းများရှိတဲ့အနေအထားမှာ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းမှာပါရှိတဲ့ မိုးစပါးစိုက်ဧက ၂၄၈၇၀ ဧကဟာဆိုရင် ရေကြီးကွင်းဧရိယာထဲမှာ ပါပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်၊ မိုးစပါးစိုက်ပျိုးရာသီမှာ အဆိုပါရေကြီးကွင်းတွေဟာ အထွက်နှုန်းထိခိုက်မှုများလည်း စိစစ်သိရှိရပါတယ်။ ဒါကြောင့် အဲဒီရေကြီးကွင်းတွေကို ရေဆွဲဆင်းသွားမှုမြန်ဆန်စေဖို့နှင့် စပါးပင်သက်တမ်းနုစဉ်ကာလမှာ ရေကြီးနစ်မြုပ်မှုရှောင်လွှဲနိုင်စေဖို့အတွက် ရေနုတ် မြောင်းတူးဖော်ခြင်းနှင့်စိုက်ချိန်ကာလ စောစောစိုက်ပျိုးနိုင်စေဖို့အတွက် မိမိတို့ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဦးစွာဖြေကြားလိုပါတယ်။

သဘာဝဘေးကြောင့်ဖြစ်တဲ့ သီးနှံပျက်စီးမှုတွေအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ သီးနှံအစားထိုးပြန်လည်စိုက်ပျိုးခြင်းအတွက် ထောက်ပံ့ပေးနိုင်ရေးကို ဆောင်ရွက်ရာမှာ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မိမိတို့ဒေသအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ပြီး ပျက်စီးသွားတဲ့ လုပ်ကွက်ငယ်ဧရိယာများကို ဦးစားပေးပြီး ဥပဒေအရ စိစစ်တင်ပြရမှုရှိပါတယ်။ ယင်းတင်ပြရမှုကိုအခြေခံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအနေနဲ့ ထောက်ပံ့ကြေးတွေရရှိနိုင်ဖို့ အရေးပေါ်ရန်ပုံငွေတင်ပြတောင်းခံပြီး ခွင့်ပြုရရှိမှုအပေါ်မှာမူတည်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးရဲ့အစိုးရအဖွဲ့ရဲ့ အစီအမံနှင့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒါကြောင့် ၂၀၁၇ ခုနှစ်၊ မိုးစပါးရာသီမှာ ဒေးဒရဲမြို့နယ်ရဲ့ မိုးစပါးပျက်စီးမှုကြောင့် တောင်သူလယ်သမားများ နစ်နာမှုရှိကြောင်း ယခုမေးမြန်းချက်အရ သိရှိရမှုအပေါ်မှာလည်း ထောက်ပံ့ပေးနိုင်ရေးကိုစပ်လျဉ်းပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်စိစစ်ပေးနိုင်ဖို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ မူလတင်ပြထားတဲ့ သီးနှံပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ပေးရမယ့်စာရင်းအပေါ်မှာ သဘောထားပြန်ကြားပေးနိုင်ဖို့အတွက်ကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ညှိနှိုင်းစာပေးပို့ထားပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး ဒေးဒရဲမြို့နယ်မှာ ရွှေခရုကျရောက်မှုအခြေအနေကို ဆက်လက်တင်ပြပါမယ်။ ၂၀၁၆ ခုနှစ် မိုးစပါးရာသီမှာ ၄၈၉၇ ဧကဟာ ရွှေခရုကျရောက်မှုရှိခဲ့သော်လည်းပဲ ကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ပျက်စီးမှု ၄၆၈ ဧကရှိခဲ့ပါတယ်။ အဲဒီဧကတွေကိုလည်း အစားထိုးပြန်လည်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီမှာတော့ ဧက ၁၀၅၀ ဟာ ရွှေခရုကျရောက်ခဲ့ပြီး ပျက်စီးမှုထက် ယင်းဧကများ အထွက်နှုန်းထိခိုက်တဲ့အကြောင်း စိစစ်သိရှိရပါတယ်။ ယင်းနှင့်စပ်လျဉ်းပြီး တောင်သူလယ်သမားများအနေနဲ့သာမက ဒေသနေလူထု လှုပ်ရှားမှုအသွင်နဲ့ ပါဝင်လာနိုင်စေရေးအတွက် ရွှေခရုရဲ့သွင်ပြင်လက္ခဏာ၊ အလေ့အထ၊ ကာကွယ်နှိမ်နင်းနည်းလမ်းတွေကို အသိပညာပေးခြင်းနဲ့ စည်းရုံးဆောင်ရွက်ခြင်းဖြင့် ရွှေခရုပြန့်ပွားမှုကို ထိန်းချုပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရွှေခရုကာကွယ်နှိမ်နင်းရေးအတွက် ရှေ့ဆောင်ရွက်မယ့်လုပ်ငန်းအစီအစဉ်များအနေနဲ့ကတော့ (က) ဒေသရေမြေနှင့်ကိုက်ညီတဲ့ ခရုကာကွယ်နှိမ်နင်းရေးလုပ်ငန်းများနဲ့ ခရုအမျိုးအစားခွဲခြားခြင်းလုပ်ငန်းတွေကို မိမိတို့ဌာနရဲ့ဦးဆောင်မှုနဲ့ သုတေသနစမ်းသက်ကွက်များပြုလုပ်ပြီး ရှာဖွေဖော်ထုတ်ခြင်း၊ (ခ) ခရုအကောင်ကြီး၊ ခရုဥမြုံများ ခိုအောင်းရာနှင့် ပေါက်ပွားရာနေရာများကို စိစစ်ရှာဖွေဖော်ထုတ်ပြီး လူထုလှုပ်ရှားမှုအသွင်နဲ့ ဖျက်ဆီးနှိမ်နင်းခြင်း၊ ဒေသအလိုက် ကာကွယ်ရေးလုပ်ငန်းတွေမှာ တောင်သူများသာမက ပြည်သူတစ်ရပ်လုံး Mess Participation ဖြစ်နိုင်ရန်အတွက် ဦးတည်ပြီး

ပညာပေးလုပ်ငန်းတွေကို ပံ့ပိုးနှံ့နှံ့တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းများကိုလည်း အစီအမံချပြီး ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ယခုလိုကိစ္စရပ်တွေမှာ ဆေးမြီးတိုနှင့်ကုရတဲ့ကုထုံးအရ ဆောင်ရွက်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် မို့လည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးမြန်းချက်နှင့်စပ်လျဉ်းပြီး ရေရှည်ကိုမျှော်ကိုးပြီး နှစ်စဉ်ဖြစ်နေတဲ့ ရေကြီးကွင်းတွေမှာ ထိခိုက်ပျက်စီးမှုကို ကာကွယ်နိုင်ရေးအတွက် ရေနုတ်မြောင်းတွေဖောက်လုပ်ဖို့ စိုက်ပျိုးချိန်ကို စောစောစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့စိစစ်တင်ပြချက်နှင့်အတူ မိုးစပါးစိုက်ပျိုးရာသီမှာ ဒေးဒရဲမြို့နယ်၊ စပါးပျက်စီးမှုအပေါ် ထိုက်သင့်တဲ့အထောက်အပံ့တွေပေးပြီးတော့ ရေရှည်ကိုမျှော်ကိုးကာ အစီအမံများချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဇန်းမောက်မြို့နယ်အတွင်း ပင်ပုံကျေးရွာအုပ်စု၊ ရွှေနှစ်ရွာအနီး ချောင်းကြီးချောင်းရေလွှဲဆည်တည်ဆောက်ပြီး ၇ လအတွင်း ပျက်စီးသွားခြင်းကိစ္စအား မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကျော်စိုး(ဇန်းမောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဇန်းမောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဇန်းမောက်မြို့နယ်၊ ပင်ပုံအုပ်စု၊ ရွှေနှစ်ရွာအနီးမှာ ချောင်းကြီးချောင်းရေလွှဲဆည်တည်ဆောက်ပြီးမှ ပျက်စီးသွားခြင်းကိစ္စနဲ့စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်နိုင်ငံတော်ကဆောင်ရွက်ခွင့်ပြုခဲ့ပြီးမှ စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ငွေလုံးငွေရင်းကျပ် ၃၇ သန်းဖြင့် ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တင်ဒါခေါ်ယူပြီး ဆောင်ရွက်ခဲ့တယ်လို့လည်းဆိုပါတယ်။ မြို့နယ်အတွက်လာရောက်လုပ်ကိုင်ရာမှာ ကြီးကြပ်သူ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနအင်ဂျင်နီယာကသာ ဥက္ကဋ္ဌမြို့နယ်စီမံခန့်ခွဲမှုကော်မတီ နဲ့မြို့နယ်စီမံကိန်း ဦးစီးမှူးထံ ၂၅-၁-၂၀၁၇ ရက်နေ့မှာ စတင်ဆောင်ရွက်ပြီးမှ ၃၁-၃-၂၀၁၇ ရက်နေ့မှာ ပြီးစီးကြောင်း အစီရင်ခံခဲ့ပါတယ်။ အောက်တိုဘာလအတွင်းမှာ ဆည်ပျက်စီးနေကြောင်း တွေ့ရှိရပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ အကျိုးရှိသော၊ ကောင်းမွန်သော၊ ပွင့်လင်းမြင်သာသော၊ အဂတိကင်းစင်သော ဘဏ္ဍာရပ်ဝန်းဖြစ်စေဖို့ရာ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကောင်းမွန်သော ဘဏ္ဍာရပ်ဝန်းဖြစ်စေဖို့ရာ စီမံကိန်းများကို သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်း၊ ဝန်ကြီးဌာနများမှ အရည်အသွေးမီရန်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် စနစ်တကျဆောင်ရွက်ပြီးမှ တာဝန်ယူ၊ တာဝန်ခံမှု ပြုလုပ်ရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါ။ ကန်ထရိုက်စနစ်များဖြင့် ဆောင်ရွက်ရာမှာ လိုက်နာကျင့်သုံးရမယ့်လုပ်ငန်းများ လမ်းညွှန်ချက်၊ ရည်မှန်းချက်လုပ်ငန်းစဉ်များကို နိုင်ငံတော်မှ စနစ်တကျပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနများကလည်း

လိုက်နာကျင့်သုံး ရမှာဖြစ်ပါတယ်။ ဒီပုံကတော့ ၉-၅-၂၀၁၇ ရက်နေ့မှာတွေ့ရှိရတဲ့ ပုံဖြစ်ပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့မှာ ပြီးစီးထားတယ်လို့ အမှန်တကယ်မပြီးသေးတဲ့ပုံဖြစ်ပါတယ်။ ချောင်းရေနှစ်ရက်ကြီးပြီးတော့ ဆည်ပေါ်မှာ ရေဖြတ်စီးသွားတဲ့အခါမှာ ရေကျကြမ်းပြင်ပေါက်ပြဲနေပုံဖြစ်ပါတယ်။ ကြမ်းခင်းစလစ်ပြင် အရည်အသွေးညံ့ညံ့တည်ဆောက်ထားပြီးမှ ကြမ်းခင်းအပေါက်တွေကို တူးကြည့်တဲ့အခါမှာ အောက်ခြေမြေသားပေါ်မှာ ကျောက်တုံးအနည်းငယ်တင်ထားပြီးတော့မှ လုပ်ထားတဲ့အတွက် အမာခံမရှိဘူးဖြစ်နေတာကို တွေ့ရပါတယ်။ ဒါကတော့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း လာရောက်ကြည့်ရှုတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ၂၄-၁၀-၂၀၁၇ ရက်နေ့မှာ ပျက်စီးသွားတဲ့ပုံဖြစ်ပါတယ်။ ဒါကတော့ ၁-၁၂-၂၀၁၇ ရက်နေ့မှာ ကျွန်တော်တို့ သွားရောက်ကြည့်တဲ့ပုံဖြစ်ပါတယ်။ ပြန်လည်ပြင်ဆင်ထားခြင်းမရှိသေးပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ ပြင်ဆင်ရန်စတင်ဆောင်ရွက်နေတဲ့ပုံဖြစ်ပါတယ်။ ဒီဟာကတော့ ၃-၁-၂၀၁၈ ရက်နေ့မှာ ကျွန်တော်တို့သွားရောက်ပြီးတော့ ကြည့်ရှုတဲ့ပုံဖြစ်ပါတယ်။ တချို့နေရာများမှာ ပြင်ဆင်ထားပြီးတော့မှ ရေမြောင်းပါပြင်ဆင်ထားခြင်းမရှိသေးတာကို တွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ လယ်ယာရေသွင်းမြောင်းပုံဖြစ်ပါတယ်။ ကျွန်တော်တို့က လယ်ရေသွင်းဖို့ရာအတွက် ဆည်ဆောက်တာပါ။ ဒါပေမဲ့လို့ ရေမြောင်းထဲရေဝင်နိုင်မှု Plan ကို လုပ်ပေးနိုင်ခြင်းမရှိသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကန်ထရိုက်စနစ်ဖြင့် တင်ဒါခေါ်ယူပြီးဆိုသော်လည်းပဲ ကုမ္ပဏီမှတာဝန်ခံလာရောက်လုပ်ကိုင်သည်ကိုမတွေ့ရဘဲ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ခရိုင်အင်ဂျင်နီယာကသာ ဆောင်ရွက်နေခြင်း၊ စစ်ဆေးခံရန်အကြောင်းကြားလျှင်လည်း ခရိုင်အင်ဂျင်နီယာကသာ လာရောက်ပြီးမှ ရှင်းလင်းခြင်းတွေ့ရှိရပါတယ်။ သဘာဝဘေးအန္တရာယ် ရေကြီးခြင်းကြောင့်ပျက်စီးရခြင်းမဟုတ်ဘဲ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်ခြင်း၊ ကြီးကြပ်ရန်ပျက်ကွက်ခြင်းတို့ကြောင့် ပျက်စီးရခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ဗန်းမောက်မြို့နယ်၊ ပင်ပုံကျေးရွာအုပ်စု၊ ရွှေနစ်ရွာအနီး၊ ချောင်းကြီးချောင်းရှာရေလွှဲဆည်တည်ဆောက်ပြီး ၇ လအတွင်း ပျက်စီးသွားခြင်းအား တည်ဆောက်သူများမှ မည်သို့တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် ယခုကဲ့သို့ ပျက်စီးသွားခြင်းအပေါ် ဝန်ကြီးဌာနက တာဝန်ရှိသူများကို မည်သို့အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးရဲ့မေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားပေးပါမယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ ဗန်းမောက်မြို့နယ်အတွင်း ပင်ပုံ

ကျေးရွာအုပ်စု၊ ရွှေနစ်ရွာအနီး ချောင်းကြီးချောင်းရေလွှဲဆည် တည်ဆောက်ပြီး ၇ လအတွင်း ပျက်စီးသွားခြင်းကိစ္စကို မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ ပင်ပုံကျေးရွာအုပ်စု၊ ရွှေနစ်(နန့်ပုံ)ကျေးရွာအနီး ချောင်းကြီးချောင်းပေါ်မှာ ရေလွှဲဆည်တစ်ခုတည်ဆောက်ဖို့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးအစီအစဉ်နဲ့ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဖြစ်ပါတယ်။ တင်ဒါအောင်မြင်တဲ့ မင်းပြည့်စုံကုမ္ပဏီကနေ ၂၅-၁-၂၀၁၇ ရက်နေ့မှာ စတင်ဆောင်ရွက်ပြီး ၃၁-၃-၂၀၁၇ ရက်နေ့မှာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ ၂၅-၆-၂၀၁၇ ရက်နေ့မှာ မိုးသည်းထန်စွာရွာသွန်းတဲ့အတွက်ကြောင့် တောင်ကျချောင်းရေနှင့်အတူ မျောပါလာတဲ့သစ်တုံးများရိုက်ခတ်မှုကြောင့် Weir Crest ပေါ်ရှိတဲ့ Pier တိုင်အမှတ်(၄) ပြုတ်ထွက်သွားပါတယ်။ ချောင်းရေတိုက်စားမှုကြောင့် Chute Floor မှာ (၄ လက်မ x ၈ လက်မx၃ လက်မ)ရှိ အပေါက်တစ်ပေါက်၊ Weir Crest အနီးမှာ (၄ လက်မ x ၄ လက်မ x ၃ လက်မ)ရှိအပေါက်တစ်ပေါက် စုစုပေါင်း နှစ်ပေါက်ဖြစ်ပေါက်ခြင်းနဲ့ သဲထုတ်ပေါက်ကြမ်းခင်းနှင့် ရေလွှဲဆည်အထက်ညာဘက်မှာရှိတဲ့ Slope Pitching (၅ ပေ x ၅ ပေ)ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပါတယ်။ Chute Floor နှင့် သဲထုတ်ပေါက်ကြမ်းခင်းတွေဟာ အပိုထပ်ဖြည့်စွက်ဆောင်ရွက်ထားတဲ့ ကွန်ကရစ်အလွှာများပျက်စီးခဲ့ပါတယ်။

အဲဒီပျက်စီးမှုတွေကို ကုမ္ပဏီမှ ချောင်းကြီးချောင်းအတွင်း ရေနည်းချိန်ပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ Chute Floor ကို စတင်ပြုပြင်ဆောင်ရွက်ခဲ့ပါတယ်။ အလျား ပေ ၈၀ရှိတဲ့ အနက် ၄၀ ပေခန့် ပြုပြင်ဆောင်ရွက်ချိန်မှာ ချောင်းရေများလာတဲ့အတွက် ခေတ္တရပ်နားခဲ့ရကြောင်း သိရပါတယ်။ ပြုပြင်ခြင်းလုပ်ငန်းများ ခေတ္တရပ်နားစဉ်အတွင်းမှာ ၂၅-၈-၂၀၁၇ ရက်နေ့မှာ မိုးသည်းထန်စွာရွာသွန်းတဲ့အတွက်ကြောင့် ချောင်းအတွင်းရေတွေအဆမတန်စီးဆင်းလာလို့ ရေပိုလွှဲ အထက် ၈ ပေ ခန့်ကျော်ကျခဲ့ပါတယ်။ ရေကျော်ကျမှုကြောင့် ရေလွှဲဆည်ရဲ့ညာဘက် အောက်ပိုင်း ကျောက်စီလုပ်ငန်းတစ်ခန်း ပျက်စီးခဲ့ပါတယ်။ အဆိုပါရေလွှဲဆည်ရဲ့ပျက်စီးနေတဲ့အပိုင်းတွေကို ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့မှာ စတင်ခဲ့ပါတယ်။ မင်းပြည့်စုံ ကုမ္ပဏီမှ ပြန်လည်တာဝန်ယူခဲ့ပြီး ယခုအချိန်မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန က ဝင်ရောက်ကြီးကြပ်ပေးရပါတယ်။ အဆိုပါဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းအားလုံး ပြီးစီးသွားပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားထားပါတယ်။

ယခုလို နည်းပညာဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့အခါမှာ သက်ဆိုင်ရာ နည်းပညာဆိုင်ရာဌာနရဲ့ ကျွမ်းကျင်သူများနဲ့သာ ဆောင်ရွက်သွားသင့်ပါတယ်။ တင်ဒါစနစ်နဲ့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့တာကြောင့် သဘာဝဘေးဆိုင်ရာကြိုတင်တွက်ဆမှု အားနည်းချက်များရှိခဲ့သလို မလိုလားအပ်တဲ့ ယခုကဲ့သို့ ဖြစ်ရပ်များကြုံတွေ့လာတဲ့အတွက်ကြောင့် အချိန်၊ ငွေကြေးအင်အား၊ လူမှုစီးပွားရေးအနေအထားတွေ ထိခိုက်နစ်နာမှုများရှိလာနိုင်ကြောင်း မိမိတို့ဝန်ကြီးဌာနနဲ့ သုံးသပ်တင်ပြအပ်ပါတယ်။ နောင်မှာ ယခုကဲ့သို့ တည်ဆောက်ရေးလုပ်ငန်းတွေကို သက်ဆိုင်ရာနည်းပညာရပ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်တဲ့ဌာနတွေကနေပြီးတော့ လိုအပ်တဲ့စိစစ်မှုများ၊ စမ်းသပ်မှုများ၊ လေ့လာမှုများ၊ သုံးသပ်ချက်များနဲ့ စီမံဆောင်ရွက်သွားသင့်ပါကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးသို့

အသိပေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားနိုင်ရန် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအားဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနက ပြင်ဆင်ရေးဆွဲခဲ့တဲ့ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကြီးကနေပြီးမှ လိုအပ်သလိုဝေဖန်ဆွေးနွေး အတည်ပြုပေးနိုင်ဖို့အတွက်ကို အဆိုတင်သွင်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာသမိုင်းအဖွဲ့ဥပဒေကို ၁၉၉၁ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၁၉၉၁ ဖြင့် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီလိုပြဋ္ဌာန်းခဲ့တဲ့နေရာမှာ အချိန်ကာလအားဖြင့် နှစ်ပေါင်း ၂၆ နှစ် ကြာမြင့်လာပြီဖြစ်တဲ့အတွက် ဥပဒေပါပြဋ္ဌာန်းချက်အချို့၊ စကားလုံးအသုံးအနှုန်းအချို့ဟာ ပြောင်းလဲလာတဲ့ခေတ်ကာလ၊ စနစ်တို့နဲ့ လိုက်လျောညီထွေမရှိတော့တာကိုတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေမှာပါရှိတဲ့ ဥပဒေဆိုင်ရာစကားလုံး၊ စကားရပ်၊ အသုံးအနှုန်းများ ခေတ်ကာလအခြေအနေနဲ့၊ နိုင်ငံရေးစနစ်အခြေအနေနဲ့ မှန်ကန်ကိုက်ညီစေဖို့အတွက်လည်းကောင်း အဲဒီဥပဒေကို ပြင်ဆင်ရန်လိုအပ်လာပါသဖြင့် မူလဥပဒေကိုရုပ်သိမ်းပြီးတော့မှ ခေတ်စနစ်နဲ့လိုက်လျောညီထွေရှိစေမယ့် ဥပဒေသစ်၊ ပြန်လည်ပြင်ဆင်ရေးဆွဲထားသော မြန်မာသမိုင်းအဖွဲ့ရဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများက ဝိုင်းဝန်းဝေဖန်ဆွေးနွေးအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် တစ်ဦးဖြစ်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာသမိုင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်သူ့လွှတ်တော်

## ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၇၁

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၈-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀ (၃၇၀)/ပထစ-၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးသားထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ၂၄-၁၁-၁၉၉၁ တွင်ပြဋ္ဌာန်းခဲ့သော မြန်မာသမိုင်းအဖွဲ့ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၂/၁၉၉၁)သည် နှစ်ပေါင်း(၂၆)နှစ်ကျော် ကြာမြင့်လာပြီဖြစ်သဖြင့် ပြောင်းလဲလာသော ခေတ်ကာလ၊ စနစ်တို့နှင့် လိုက်လျောညီထွေမှုရှိစေရန်၊

(ခ) ဥပဒေတွင်ပါရှိသော ဥပဒေဆိုင်ရာ စကားလုံး၊ စကားရပ်အသုံးအနှုန်းများ မှန်ကန်မှုရှိစေရေးအတွက် ပြင်ဆင်ရန်လိုအပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၀-၁-၂၀၁၈ ရက်(ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း၊ ၂-၂-၂၀၁၈ ရက်(သောကြာနေ့)တွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ(၁၂)ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၈-၇၁

ရက် စွဲ၊ ၂ ၀ ၁ ၈ ခုနှစ်၊ ဖေ ဖော် ဝါ ရီ လ ၅ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက် ။ ပြည်ထောင်စုလွှတ်တော်ရုံး၏ ၈-၁၂-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၆/၁၂/၁၀ (၃၇၀)/ ပထစ-၂၀၁၇

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးမှ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(က) ၂၄-၁၁-၁၉၉၁ တွင်ပြဋ္ဌာန်းခဲ့သော မြန်မာသမိုင်းအဖွဲ့ဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၂/၁၉၉၁)သည် နှစ်ပေါင်း(၂၆) နှစ်ကျော် ကြာမြင့်လာပြီဖြစ်သဖြင့် ပြောင်းလဲလာသောခေတ်ကာလ၊ စနစ်တို့နှင့် လိုက်လျောညီထွေမှုရှိစေရန်၊

(ခ) ဥပဒေတွင်ပါရှိသော ဥပဒေဆိုင်ရာ စကားလုံး၊ စကားရပ်အသုံးအနှုန်းများ မှန်ကန်မှုရှိစေရေးအတွက် ပြင်ဆင်ရန်လိုအပ်ခြင်း။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၀-၁-၂၀၁၁၈ ရက် (ဗုဒ္ဓဟူးနေ့)တွင်လည်းကောင်း၊ ၂-၂-၂၀၁၈ ရက် (သောကြာနေ့)တွင် ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့်ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းတွင် အခန်း(၅)ခန်းနှင့် အပိုဒ်ပေါင်း ၁၃ ပိုဒ်ပါရှိပါသည်။

(ခ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်းပြင်ဆင်ပါသည်-

**၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ် လ ရက်**

**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဂ) အခန်း(၁) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

(ဃ) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က)ရှိ အဖွဲ့ကို မြန်မာသမိုင်းဆိုင်ရာကျွမ်းကျင်သူများ ဆိုသည့်စကားရပ်ကို မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများဟုလည်းကောင်း၊ မြန်မာသမိုင်းအဖွဲ့ ဖွဲ့စည်းရမည်ဆိုသည့်စကားရပ်ကို မြန်မာသမိုင်းအဖွဲ့ကို ဖွဲ့စည်းရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(င) အပိုဒ်ခွဲ(ခ)ရှိ သတ်မှတ်ပေးရမည်ဆိုသည့်စကားရပ်နောက်တွင် လိုအပ်ပါက တွဲဖက် အတွင်းရေးမှူးကို ထည့်သွင်းဖွဲ့စည်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(စ) အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)ရှိ သမိုင်းသုတေသီများဆိုသည့်စကားရပ်ကို သမိုင်း ပညာရှင်များဟု ပြင်ဆင်ပါသည်။

(ဆ) အပိုဒ် ၅ အပိုဒ်ခွဲ(ဆ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

(ဆ) မြန်မာသမိုင်းနှင့် သက်ဆိုင်သော သုတေသနအထောက်အထားများကို စိစစ် ခြင်းနှင့် ကျမ်း၊ စာအုပ်၊ စာစောင်နှင့် စာတမ်းများကိုပြုစုထုတ်ဝေခြင်း၊

(ဇ) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ရှိ ပြင်ပပုဂ္ဂိုလ်များထံမှ အကူအညီကိုဆိုသည့်စကားရပ်ကို ပြင်ပပုဂ္ဂိုလ်များထံမှ လိုအပ်သောအကူအညီကိုဟု ပြင်ဆင်ပါသည်။

(ဈ) အခန်း(၅) အပိုဒ် ၁၂ အပိုဒ်ခွဲ(က)ရှိ စည်းမျဉ်းစည်းကမ်းများကို ဆိုသည့်စကားရပ် ကို စည်းမျဉ်းနှင့်စည်းကမ်းများကိုဟုလည်းကောင်း၊ အပိုဒ်ခွဲ(ခ)ရှိ အမိန့်ညွှန်ကြား ချက်နှင့် ဆိုသည့်စကားရပ်ကိုအမိန့်၊ ညွှန်ကြားချက်နှင့်ဟုလည်းကောင်း ပြင်ဆင် ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

မူကြမ်း

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက တင်သွင်းသည့် မြန်မာသမိုင်းအဖွဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၃-၂-၂၀၁၈ ရက်(အင်္ဂါနေ့)ညနေ ၄း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းသည့် စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဧကကွက်များဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ (၂-၂-၂၀၁၈ ရက်နေ့)တွင် တင်သွင်းတဲ့ စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက် အောင်မြင်ရန်အတွက် ဧကကွက်များဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၂ ဦးရှိပါတယ်။ ပထမဦးစွာ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရန်လင်း(ကျိုက်လတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ကျိုက်လတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်လင်း ဖြစ်ပါတယ်။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းထားတဲ့ စက်မှုလယ်ယာ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ဖို့၊ ဧကကွက်များဖော်ထုတ်ဖို့ဆိုတဲ့အဆိုကို ဆွေးနွေးထောက်ခံသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့အထဲမှာ အပိုင်းနှစ်ပိုင်းပါပါတယ်။ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဧကကွက်များဖော်ထုတ်ဖို့ဆိုတာ နှစ်ခုရှိပါတယ်။ နှစ်ခုစလုံးကို အဆိုရှင်က စက်မှုလယ်ယာကိုလည်း အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ဖို့၊ ဧကကွက်တွေကိုလည်း အမြန်ဆုံးဖော်ထုတ်ဖို့လို့ရေးသားထားတာတွေ့ပါတယ်။ တကယ်တမ်းကျတော့ စက်မှုလယ်ယာကဏ္ဍအောင်မြင်ဖို့ ဧကကွက်များဖော်ထုတ်ချင်တာ အရေးပါတဲ့အချက်တစ်ချက်ဖြစ်ပေမဲ့လို့ အလုံးစုံပြီးပြည့်စုံတဲ့အချက်မဟုတ်ဘူးဆိုတာကို ဦးစွာတင်ပြထားလိုပါတယ်။ သို့သော်လည်းပဲ အရေးပါတဲ့အချက်

တစ်ချက်ဖြစ်တဲ့အတွက် ဒီအဆိုကိုတော့ စိုက်ပျိုးရေးသမားတစ်ယောက်အနေနဲ့ ထောက်ခံလိုပါတယ်။ ဒီနေရာမှာ စက်မှုလယ်ယာကဏ္ဍနှင့် ဧကကွက်ဖော်ထုတ်ခြင်းဆိုတာကို နှစ်ခုကို တစ်ခုစီ ကျွန်တော် ရှင်းလင်းပြီးမှ ခွဲခြားတင်ပြလိုပါတယ်။

မြန်မာနိုင်ငံရဲ့ စက်မှုလယ်ယာကဏ္ဍဟာ ပြည်တော်သာခေတ် ၁၉၆၀ ခုနှစ် နောက်ပိုင်းကစ ပြီးတော့မှ မြန်မာနိုင်ငံကို စတင်ဝင်ရောက်လာပါတယ်။ ထွန်စက်ကြီးများနဲ့ စတင်ဝင်ရောက်လာပြီး တော့ ရှေးဦးစွာ ပဏာမလေ့လာစုံစမ်းခြင်းများမရှိဘဲနဲ့ လယ်ကွင်းကျဉ်းကျဉ်းလေးထဲမှာ ရေတွေဝပ် နေတဲ့အခင်းထဲမှာ ဝင်ရောက်လုပ်ကိုင်လို့မရဖြစ်ခဲ့တဲ့အချိန်ကစပြီး အခုအချိန်အထိအောင် စက်မှု လယ်ယာကဏ္ဍဟာ အောင်မြင်သင့်သလောက် မအောင်မြင်ဘဲဖြစ်နေပါတယ်။ ဘာကြောင့်လဲဆိုတာ ကို သုံးသပ်ရရင် (၁)အချက်က ဒီစက်ကိရိယာများကိုကိုင်တွယ်ထိန်းသိမ်းပြီးတဲ့နောက် ပြင်ဆင် ထိန်းသိမ်းဆောင်ရွက်တဲ့အလေ့အကျင့်မရှိပါဘူး။ စက်များကိုသုံးပြီးတာနဲ့ ဒီအတိုင်းပဲပစ်ထားကြပါ တယ်။ နောက်တစ်ချက်က ကျွမ်းကျင်တဲ့ဝန်ထမ်းတွေနည်းပါးပါတယ်။ ဒီစက်များကို ကားမောင်း တတ်ရုံ၊ ထွန်စက်မောင်းတတ်ရုံနဲ့မကဘဲနဲ့ ထွန်စက်နောက်မှာပါတဲ့ စက်ကိရိယာပစ္စည်းများကို ထွန်ထယ်၊ သံပန်ထယ်များကိုချိတ်ဆွဲရတဲ့ အတတ်ပညာဟာလည်း တတ်ကျွမ်းဖို့လိုအပ်ပါတယ်။ နောက်တစ်ခါ ဒီစက်တွေပျက်လို့ရှိရင် ပြင်မယ့်သူရဲ့ ပြင်ဆင်တဲ့စက်ပြင်ဆရာများကိုလည်း သေချာစွာ မွေးထုတ်ပေးခဲ့ခြင်းမရှိပါဘူး။ နောက်တစ်ခါ ပြင်ဆင်နိုင်သည့်တိုင်အောင် ဒီစက်များကို လဲလှယ်ရမယ့် အပိုပစ္စည်းများလည်း ယခုအချိန်ထိအောင် မြို့နယ်အဆင့်လောက်မှာ အလွယ်တကူရတဲ့အခြေအနေ မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ စက်မှုလယ်ယာကဏ္ဍဟာ အောင်မြင်သင့်သလောက် မအောင်မြင်ဘဲနဲ့ ရပ်တန့်နေပါတယ်။ လူတွေက စက်မှုလယ်ယာလို့ပြောလိုက်လို့ရှိရင် ထွန်စက်ကြီး များကိုပဲ မြင်ကြပါတယ်။ အခုနောက်ပိုင်း ရိတ်သိမ်းခြွေလှေ့စက်တွေ၊ အခြောက်ခံစက်တွေ၊ အစိုဓာတ်တိုင်းကိရိယာတွေစတဲ့ ဒီပစ္စည်းများကြောင်းကို မမြင်ကြပါဘူး။ ဒါတွေပါမှ စက်မှုလယ်ယာ ဟာ ပြီးပြည့်စုံမှာဖြစ်ပါတယ်။

တစ်ဧကကွက်ဖော်ထုတ်တဲ့ဟာကို ဆွေးနွေးချင်ပါတယ်။ တစ်ဧကကွက်ဖော်ထုတ်တယ်ဆိုတာ ဟာ လယ်ကွက်တွေကို လေးထောင့်ကျကျ မြေညှိပြီးတော့မှ အထူးသဖြင့် ရေထုတ်မြောင်းတွေပါတဲ့ အကွက်တွေကို ပြုပြင်ပေးဖို့လိုပါတယ်။ ရေထုတ်မြောင်းတွေမပါရင် အခါမဟုတ်ရွာတဲ့ အထူးသဖြင့် စပါးရိတ်ခါနီး ရွာတဲ့မိုးကြောင့် လယ်ကွင်းထဲမှာ ရေတွေ ထွက်လို့မရဘဲရှိပါတယ်။ ရိတ်သိမ်းခြွေလှေ့ စက်တွေဝင်လို့မရပါဘူး။ အဲဒါကြောင့် တစ်ဧကကွက်ဖော်ထုတ်တယ်ဆိုတာဟာ ရေသွင်းရေထုတ် မြောင်းတွေနဲ့ စနစ်တကျမြေညှိပြီးတော့ ဖော်ထုတ်ဖို့လိုပါတယ်။ စက်တွေဝင်ဖို့လမ်းလည်းလိုပါတယ်။ တစ်ခါ အဲဒီလမ်းတွေကို စုပေါင်းလုပ်တဲ့အခါမှာ လယ်သမားတွေက ငါတို့မြေကို တစ်လက်မမှ မပေးနိုင်ဘူးဆိုတဲ့ တပ်မတော်သားတွေရဲ့ဆန္ဒအတိုင်း လယ်သမားတွေမှာလည်း အဲဒီစိတ်ရှိပါတယ်။ သူတို့မြေကို မပေးလိုပါဘူး။ အမှန်တော့ လမ်းဖောက်ခြင်းဟာ လယ်သမားတွေအတွက်ကောင်းကျိုး ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ ဆွဲဆောင်စည်းရုံးနိုင်ဖို့လည်း လိုပါသေးတယ်။ နောက် ဒီလမ်းထဲမှာ စက်ကြီးဝင်ဖို့လမ်း၊ ကုန်ထုတ်ဖို့လမ်း၊ သွင်းအားစုဖြစ်တဲ့ မြေဩဇာတွေ၊ ပိုးသတ်ဆေးတွေ၊ မျိုးစေ့တွေ ပို့ဖို့လမ်း၊ ကိုယ့်ရဲ့ရိတ်သိမ်းပြီးသား သီးနှံတွေသယ်ဖို့လမ်း၊ ဒီလမ်းဟာ အင်မတန်အရေးကြီးတဲ့အတွက် ဧကကွက်ဖော်ထုတ်တဲ့နေရာမှာလည်း ဒီလမ်းတွေဟာ ရေသွင်းရေထုတ်မြောင်းတွေနဲ့အတူ ထည့်သွင်း

ပြီး တည်ဆောက်ဖို့လိုတယ်ဆိုတာ ကျွန်တော်ပြောပြလိုပါတယ်။ ဒါကြောင့်မို့လို့ စက်မှုလယ်ယာကဏ္ဍ တကယ်တမ်းအောင်မြင်ခဲ့မယ်ဆိုရင်၊ အောင်မြင်ချင်တယ်ဆိုရင် ခုနက ကျွန်တော် တင်ပြခဲ့တဲ့ စက်မှုပိုင်းဆိုင်ရာမှာကျွမ်းကျင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖော်ထုတ်ပေးရပါ့မယ်။ တစ်ဖက်ကလည်းပဲ ဧကကွက်တွေကို စနစ်တကျ လမ်းတွေပါတဲ့၊ ရေထုတ်မြောင်းတွေပါတဲ့အကွက်တွေကို ဖော်ထုတ်ပေးဖို့လိုတယ်လို့ ပြောကြားရင်းနဲ့ ဒီအဆိုကို ထောက်ခံလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားရတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မ ရွှေဘိုမဲဆန္ဒနယ်က ဒေါက်တာအေဇင်လတ် ဖြစ်ပါတယ်။ အခုကျွန်မက ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုမှာ ပါဝင်ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံဟာ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် အခုအချိန်ထိမှာ ပြည်ပကို ဆန်တန်ချိန်နှစ်သန်းကျော် တင်ပို့ထားနိုင်ခဲ့ပြီး ဒါဟာ နှစ် ၅၀ အတွင်းမှာ ပထမဆုံး စံချိန်သစ်တင် တင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ကျွန်မတို့အနေနဲ့ လာမယ့် ၂၀၂၀ ခုနှစ်မှာ ဆန်တန်ချိန်သုံးသန်းကျော်အထိ တင်ပို့မယ်လို့ လျာထားတယ်လို့လည်းသိရပါတယ်။ အဲဒီတော့ ဒီလိုရည်ရွယ်ချက်တွေ ပြီးမြောက်ဖို့ဆိုရင်တော့ ကျွန်မတို့ အဆိုရှင်တောင်းဆိုတဲ့ အဆင့်မြင့်လယ်ယာဖော်ဆောင်ခြင်းလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် မဖြစ်မနေဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဘာဖြစ်လို့အဖြစ်မနေဆောင်ရွက်သင့်တာလဲဆိုတော့ ကျွန်မ ဥပမာတစ်ခုအနေနဲ့ ရှင်းပြရမယ်ဆိုလို့ရှိရင် ကျွန်မတို့ ငွေကြေးမြောက်မြားစွာ အကုန်အကျခံပြီးတည်ဆောက်ခဲ့တဲ့ ဆည်တမံတွေကို ပိုမိုအကျိုးရှိစေဖို့ဆိုလို့ရှိရင် လယ်ယာမြေမှာ လိုအပ်ချက်တွေကို ပြင်ဆင်ထားဖို့လိုပါတယ်။ ဆိုလိုချင်တာက ဒီဆည်ရေသောက်ဧရိယာတွေမှာရှိတဲ့ ရေပေးတူးမြောင်းတွေနဲ့ သူနဲ့ဆက်စပ်တဲ့ ရေအားအဆောက်အဦတွေကို နှစ်စဉ်ပြုပြင်ထိန်းသိမ်းဖို့ နောက် ချောင်းများ၊ မြောင်းများက လယ်တွေမှာ ရေပေးဝေရေးစနစ် ပိုမိုကောင်းမွန်စေရေးအတွက်ဆိုလို့ရှိရင် မြောင်းထိပ်တွေတိုင်းမှာ ရေထိန်းတံခါးလေးတွေ တပ်ဆင်သင့်တာမျိုး အစရှိတဲ့ လိုအပ်ချက်တွေဟာ အခုလို လယ်ယာမြေစနစ်ကိုပြောင်းလဲပြီး အဆင့်မြင့်ဖော်ဆောင်မယ်ဆိုရင် ဒီဟာတွေပါ တစ်ပါတည်း ကျွန်မတို့ ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း ဒီအဆိုကို ကျွန်မတို့က ထောက်ခံဆွေးနွေးနေရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ အဆိုရှင်က အဆင့်မြင့်လယ်ယာမြေတွေ ပြောင်းလဲဖော်ဆောင်ခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သင့်ပါတယ်လို့ ပြောတာကလည်း အင်မတန်မှမှန်ကန်တယ်ဆိုတာကို ကျွန်မရဲ့မဲဆန္ဒနယ်မြေကို ဆန်းစစ်ပြီးတော့ ကျွန်မသိရပါတယ်။ ကျွန်မရဲ့ ရွှေဘိုမြို့နယ်မှာဆိုရင် စုစုပေါင်း စိုက်နိုင်ပျိုးနိုင်တဲ့ ဧကပေါင်းဟာ ၁၉၀၀၀၀ ကျော် ရှိပါတယ်။ အဲဒီအနက်မှာမှ ၁၁၀၀၀၀ ဟာ လယ်မြေတွေဖြစ်ပါတယ်။ အဲဒီအနက်မှာမှ ၈၅၀၀၀၀ ခန့်ဟာ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွေဖြစ်ပါတယ်။ ဒီဆည်ရေသောက်ဧရိယာ ၈၅၀၀၀ ခန့်မှာမှ ကျွန်မတို့ အဆင့်မြင့်လယ်ယာအနေနဲ့ ပြောင်းလဲဖော်ဆောင်ထားတာ ၆၃၃ ဧကသာရှိပါသေးတယ်။ အဲဒီတော့ ဒီဟာတွေကလည်း လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်ပိုင်းက ဆောင်ရွက်ခဲ့တာတွေဖြစ်ပြီးတော့ ဒီဘက်နှစ်ပိုင်းမှာ ကျွန်မတို့ ပြောင်းလဲဖော်ဆောင်ခြင်းလုံးဝမရှိခဲ့သေးပါဘူး။ ကျွန်မတို့ ၂၀၁၈ ခုနှစ်

ကျရင်တော့ JICA ရဲ့အစီအစဉ်နဲ့ ရွှေဘိုမြို့နယ်မှာ ဧက ၅၀၀ တော့ ပြောင်းလဲဖော်ဆောင်ဖို့ရှိပါတယ်။ JICA အနေနဲ့ကတော့ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာစုစုပေါင်းမှာ ဧက ၅၀၀၀ အထိ ပြောင်းလဲဖော်ဆောင်ပေးမယ်ဆိုတာလည်း သိရပါတယ်။ အဲဒီတော့ ကျွန်မတို့ဖြစ်စေချင်တာက ဘယ်လိုလဲဆိုတော့ အခုလို နိုင်ငံတကာက လာရောက်ပြီးတော့ ပြောင်းလဲဖော်ဆောင်ပေးတဲ့ နည်းစနစ်တွေကို အတုယူပြီးတော့ ကျွန်မတို့ ပြည်ထောင်စုအစိုးရရဲ့အစီအစဉ်နဲ့ ဆည်ရေသောက်ဧရိယာတွေမှာ အရှိန်အဟုန်မြှင့်ပြီး ပြောင်းလဲဖော်ဆောင်ရေးကို ကျွန်မတို့က လိုလားလျက်ရှိပါတယ်။ ဒီလို အရှိန်အဟုန်မြှင့် ပြောင်းလဲဖော်ဆောင်တဲ့အခါမှာ ဒီလုပ်ငန်းတွေအတွက် အဓိကကျတဲ့ဦးစီးဌာနဖြစ်တဲ့ စက်မှုလယ်ယာဦးစီးဌာနရဲ့အခန်းကဏ္ဍကိုပါ တစ်ပါတည်းမြှင့်တင်ပြောင်းလဲစေချင်ပါတယ်။ အခုဆိုရင် စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ကျွန်မတို့အစိုးရရဲ့အစီအစဉ်နဲ့ စက်ယန္တရားတွေကို တောင်သူများအတွက် ငှားရမ်းပေးလျက်ရှိပါတယ်။ ဒါပေမဲ့ ဒီလိုငှားရမ်းတဲ့အခါမှာ တောင်သူများအနေနဲ့ ငွေကို လက်ငင်းကြိုတင်ပေးချေရတယ်။ ပြီးရင် ဒီဌာနပိုင်စက်တွေအတွက် ကျေးရွာတွေမှာ ဝန်ထမ်းက မလိုက်ပါနိုင်ဘူး။ ဒီအားနည်းချက်တွေရှိတဲ့အတွက်ကြောင့်မို့လို့ တောင်သူတွေဟာ မိမိမိတို့ရဲ့ကျေးရွာအတွင်းမှာရှိတဲ့ တောင်သူပိုင်စက်ယန္တရားများကိုသာ အချင်းချင်းလှည့်ပတ်ငှားရမ်းသုံးစွဲနေတဲ့စနစ်ကတော့ ကျွန်မရဲ့မြို့နယ်မှာ တွင်ကျယ်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလို စက်ယန္တရားငှားရမ်းခြင်းလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်မယ်ဆိုရင်တော့ သူ့ရဲ့ဒေသနှင့် တွယ်ကျယ်မှုအပေါ်မှာတွက်ချက်ပြီးတော့ ဝန်ဆောင်မှုပေးသင့်ပါကြောင်း ကျွန်မအကြံပြုချင်ပါတယ်။

နောက် ကျွန်မဆက်လက်ပြီးတော့ အကြံပြုချင်တာက စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ဆိုရင် ယခု အစိုးရရဲ့အစီအစဉ်နဲ့ တောင်သူပိုင်စက်ယန္တရားတွေ ပိုပြီးများလာတော့မယ်။ ဒီစက်ယန္တရားတွေ စက်ချို့ယွင်းတဲ့အခါမှာ ပြင်ဆင်ပေးနိုင်ဖို့ စက်ပြင်စက်ရုံတွေ ဖွင့်လှစ်တာမျိုး နောက် ကျွန်မတို့ တောင်သူတွေ အလေ့အကျင့်နည်းပါးသေးတဲ့ စက်နှင့်စိုက်ပျိုးခြင်းကို စတင်မိတ်ဆက်ပေးတာမျိုး နောက် အခုလို အဆင့်မြင့်လယ်ယာဖော်ဆောင်ခြင်းနည်းစနစ်တွေကို ကျေးရွာတွေမှာ ကွင်းဆင်းပြီးတော့ ရှင်းလင်းစည်းရုံးတာမျိုးတွေကိုလည်း ပြောင်းလဲဝန်ဆောင်မှုပေးသင့်ပါကြောင်းလည်း ကျွန်မအကြံပြုချင်ပါတယ်။

ကျွန်မဆက်လက်ပြီး အကြံပြုချင်တာကတော့ ကျွန်မတို့ အခုလိုမျိုး လယ်ယာမြေတွေမှာ ဆောင်ရွက်တဲ့ ရေပေးဝေရေးကိစ္စအတွက် ကောင်းမွန်အောင်ပြုလုပ်တဲ့အစီအစဉ်တွေကိုဖြစ်စေ၊ လိုအပ်တဲ့ ကုန်ထုတ်လမ်းတွေ၊ တံတားတွေ ဖောက်လုပ်ရာမှာဖြစ်စေ၊ ကျွန်မတို့ နောင်အခါမှာ ရှေ့ကို ဆက်လက်ပြီးပြောင်းလဲမယ့် အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်းကိုသာ ရှေ့ရှုပြီးဆောင်ရွက်ကြစေချင်ပါတယ်။ ကျွန်မ ဘာ့ကြောင့် ဒီလိုပြောရသလဲဆိုတော့ ပြီးခဲ့တဲ့နှစ်မှာ ကျွန်မတို့လိုအပ်တဲ့နေရာတွေအတွက် ကုန်ထုတ်လမ်းများစာရင်းကိုကွင်းဆင်းပြီးတော့ ကောက်ယူခဲ့တာက မြို့နယ်ကျေးလက်ဦးစီးဌာနတွေက ကောက်ယူခဲ့ပြီးတော့ စက်မှုလယ်ယာဦးစီးဌာနရဲ့အခန်းကဏ္ဍဟာ မပါရှိခဲ့ပါဘူး။ အဲဒီတော့ ကျွန်မတို့ဖြစ်စေချင်တာက ဒီလိုကောက်ယူတဲ့ ကုန်ထုတ်လမ်းတွေဟာ နောင်အခါမှာ ဆက်လက်သွားမယ့် အဆင့်မြင့်လယ်ယာဖော်ထုတ်ခြင်းအတွက် ကြိုတင်တွက်ချက်မှန်းဆထားတဲ့ လမ်းများဖြစ်စေလိုတဲ့အတွက် ကျွန်မက ဒီအကြံပြုချက်ကို ထည့်သွင်းပြီးတော့ အကြံပြုရခြင်းဖြစ်ပါတယ်။

ကျွန်မဆက်လက်ပြီး အကြံပြုချင်တာကတော့ ကျွန်မတို့ အခုလို အဆင့်မြင့်လယ်ယာဖော် ဆောင်ခြင်းကို လုပ်မယ်ဆိုလို့ရှိရင် တစ်ပါတည်းမဖြစ်မနေလုပ်ဖို့လိုအပ်တာကတော့ တောင်သူတွေ ကိုယ်တိုင်ပါဝင်တဲ့ စိုက်ပျိုးရေအသုံးချမှုအဖွဲ့(Water User Group) ကို ဒီအစိုးရရဲ့ဦးဆောင်မှုနဲ့ လိုအပ်တဲ့ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေကို သတ်မှတ်ပြီးတော့ အမြန်ဆုံး ဖွဲ့စည်းဆောင်ရွက်ဖို့လိုပါကြောင်းလည်း ကျွန်မကအကြံပြုချင်ပါတယ်။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မနိဂုံးချုပ်အနေနဲ့ပြောချင်တာကတော့ ကျွန်မတို့နိုင်ငံကို ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလို့ရှိရင် နိုင်ငံသူနိုင်ငံသားများရဲ့ အရည်အချင်းနဲ့အစွမ်းအစကို အားကိုးရ မယ်လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အမှာစကားဆိုခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီလယ်ယာကဏ္ဍကို မြှင့်တင်ခြင်းဟာတော့ ကျွန်မတို့ နိုင်ငံသူနိုင်ငံသားများရဲ့ အစွမ်းအစ အရည်အချင်းကိုမြှင့်တင်ပေးရုံသာမကဘဲ နိုင်ငံရဲ့ရေရှည်အကျိုးစီးပွားအတွက်လည်း အရေးကြီးတာ မို့လို့ ဒီအဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်လိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်။ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံရဲ့ တောင်သူလယ်သမားများ ဘဝလုံခြုံမှုရှိဖို့ဆိုရင် စက်မှုလယ်ယာစနစ်အမြန်ဆုံးဖွံ့ဖြိုး တိုးတက်အောင်မြင် ဖို့ မလွဲမသွေလိုအပ်ပါတယ်။ အဆိုရှင်တင်ပြသွားတဲ့ရည်ရွယ်ချက်များဟာလည်း နိုင်ငံရဲ့စီးပွားရေး ကဏ္ဍရဲ့ GDP ကို တိုးတက်စေမယ့်ရည်ရွယ်ချက်ကောင်းများဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍမှ ကြီးမားတဲ့စီးပွားရေးအကျိုးအမြတ်များရရှိမယ်ဆိုတာကို ဒီအဆိုက ထောက်ပြထားတာ တွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ လယ်ယာကဏ္ဍရဲ့ထုတ်လုပ်မှုနှင့် ကုန်ထုတ်စွမ်းအားတိုးတက်မှုဟာ အလားအလာ ကြီးမားပေမဲ့ စက်မှုလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက်အောင်မလုပ်နိုင်ခြင်း၊ မြေယာပြဿနာများ ဖြေရှင်း ရန်ရှိနေခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များရဲ့အရည်အသွေးဟာ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်း နည်းနေခြင်း၊ ခေတ်မီစက်ကိရိယာများနှင့် နည်းပညာအားနည်းခြင်း စတဲ့စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင် ကြုံတွေ့နေရပါတယ်။ ဒါကြောင့် စိုက်ပျိုးထုတ်လုပ်မှုစနစ်ကို ပြန်လည်ဆန်းစစ်ဖို့လိုအပ်နေပြီဖြစ်ပါ တယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ စိုက်ပျိုးနိုင်တဲ့မြေဧရိယာစုစုပေါင်းရဲ့ ၁၇.၇ ရာခိုင်နှုန်းကျော် သာ စိုက်ပျိုးမြေအဖြစ် အသုံးပြုနေတာဖြစ်ပါတယ်။ ဒီ ၁၇.၇ ရာခိုင်နှုန်းသော စိုက်ပျိုးမြေများဟာ လည်း စနစ်တကျဖော်ထုတ်ထားတဲ့ ဧကကွက်ရာခိုင်နှုန်းပါဝင်မှုဟာ အလွန်နည်းပါတယ်။ မိရိုးဖလာ စိုက်ပျိုးနည်းနဲ့သာ စိုက်ပျိုးနေကြတာဖြစ်တဲ့အတွက် အထွက်နှုန်းလည်းမကောင်းသလို ထွက်ကုန်က လည်း ပြည်ပဈေးကွက်မမီ ဖြစ်ရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှလည်း အကျိုးအမြတ်ရရှိနိုင်ရန် မျှော်လင့်ချက်မရှိတဲ့အတွက် ပြည်ပနိုင်ငံများကို သွားရောက်အလုပ်လုပ်ကိုင်ကြရတဲ့အတွက်ကြောင့်

လုပ်သားအင်အားရှားပါးမှုဟာလည်း အခက်အခဲတစ်ခုဖြစ်လာပါတယ်။ ဒါတွေကိုဖြေရှင်းဖို့ဆိုရင် စက်မှုလယ်ယာစနစ်ကို အောင်မြင်စေရန်အတွက် အဆင့်မြင့်ဧကကွက်များကိုဖော်ထုတ်ရမှာဖြစ်ပြီး လယ်ယာကဏ္ဍကို မြှင့်တင်ဖို့လိုအပ်ပါတယ်။ ဒီလိုဖော်ထုတ်တဲ့အခါမှာ လယ်ယာမြေများကို ပြုပြင်ရန်၊ လယ်မြေပြုပြင်တဲ့နည်းစနစ်များကို အသိပညာပေး၊ စည်းရုံးဟောပြောပွဲများပြုလုပ်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို အသိပညာပေးခြင်း၊ အဆင့်မြင့်စက်ကိရိယာများသုံးပြီး စိုက်ခင်းများကို စနစ်တကျစိုက်ပျိုး၊ ရိတ်သိမ်း၊ ကြိတ်ခွဲတဲ့ နည်းလမ်းတွေကို အသိပညာပေးခြင်း စတဲ့ နည်းလမ်းပေါင်းစုံနဲ့ တောင်သူတွေကို ဖြည့်ဆည်းပေးမှသာ စက်မှုလယ်ယာစနစ်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်ရှင့်။ ဒီလိုအသိပေးရာမှာ တောင်သူတွေကို လက်တွေ့ဆောင်ရွက်နေတဲ့ဧကကွက်များဆီကို ဖိတ်ခေါ်ရှင်းလင်းပြသခြင်းဟာလည်း အထိရောက်ဆုံး နည်းလမ်းတစ်ခုဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ တနင်္သာရီတိုင်းဒေသကြီးမှာ စက်မှုလယ်ယာစနစ်ကျင့်သုံးနိုင်ရန် အဆင့်မြင့်ဧကကွက်များဖော်ထုတ်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီးတော့ နိုင်ငံတော်အစီအစဉ်နဲ့ စနစ်တကျ လယ်ယာမြေဖော်ထုတ်ခဲ့တာ အခုအချိန်မှာ ဧက ၁၀၀၀ ကျော်ပဲရှိပါတယ်ရှင့်။ ကျွန်မရဲ့မဲဆန္ဒနယ်မှာဆိုရင်လည်း အဆင့်မြင့်ဧကကွက် ဖော်ထုတ်ခဲ့တဲ့ဧက ၂၀၀ ကျော်ရှိပါတယ်။ တစ်တိုင်းလုံးရဲ့ စိုက်ပျိုးမြေဧကနဲ့ နှိုင်းဆရင် ဖော်ထုတ်ထားတဲ့ဧက နည်းနေတဲ့အတွက် အဆိုရှင်ရဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အချက်ကို ထောက်ခံရခြင်းဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြန်မာ့စိုက်ပျိုးရေးကဏ္ဍအတွက် မဟာဗျူဟာဦးတည်ချက်များ (၂၀၁၈-၂၀၂၃) ကို စီစဉ်ရေးဆွဲပြီးနေပြီလို့ သိရှိရပါတယ်။ ဒီမဟာဗျူဟာကို ရေးဆွဲတဲ့အခါမှာ တစ်နိုင်တစ်ပိုင်ဝမ်းစာဖူလုံရေးစိုက်ပျိုးမှုမှ စီးပွားဖြစ်စိုက်ပျိုးရေးသို့ကူးပြောင်းမှု၊ တန်ဖိုးမြှင့်ထုတ်ကုန်များသို့ ကူးပြောင်းမှု၊ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေရရှိအောင်ဖန်တီးနိုင်မှု၊ မြေအသုံးချပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်ရရှိနိုင်မှု၊ အခြေခံအဆောက်အအုံလုပ်ငန်းဆောင်ရွက်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုဆိုတဲ့အချက်များ အပေါ်မှာ အခြေခံထားပြီး ရေးဆွဲထားတဲ့အတွက် ဒီမဟာဗျူဟာကိုအကောင်အထည်ဖော်နိုင်ရင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံရဲ့စီးပွားရေးဟာလည်း တိုးတက်လာမှာဖြစ်ပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ ပုဒ်မ ၁၁ အရ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို ညှိနှိုင်းဆက်စပ်ဖြည့်ဆည်းဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ လိုအပ်တဲ့အရင်းအနှီးအတွက် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးဘတ်ဂျက်၊ နိုင်ငံတကာအကူအညီများ၊ အတိုးနှုန်းသက်သာတဲ့ ပြည်ပချေးငွေများမှ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးရမယ့်အပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ခွင့်ပေးလိုက်မယ်ဆိုရင် တောင်သူများအတွက် ပိုပြီးကူညီနိုင်မှာဖြစ်တယ်လို့ အကြံပြုလိုပါတယ်ရှင့်။ ခေတ်မီစက်ကိရိယာများပြည့်စုံအောင်ဖြည့်တင်းနိုင်ဖို့ စက်မှုလယ်ယာဦးစီးဌာနရဲ့ အစီအစဉ် JICA Two Step Loan ချေးငွေအစီအစဉ်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ JICA ချေးငွေအစီအစဉ်မှာ တစ်ဦးချင်းအပြင် လုပ်ကွက်ငယ်တောင်သူများအတွက် အစုအဖွဲ့နဲ့ချေးယူပြီး သိန်း ၅၀၀၀ တန်ဖိုး အထိ စက်ကိရိယာများဝယ်ယူနိုင်ခွင့်ကိုလည်း စီစဉ်ထားကြောင်း သိရပါတယ်။

အဆင့်မြင့်ဧကကွက် ဖော်ထုတ်ရာမှာ တစ်ဆက်တစ်စပ်တည်းရှိသော လယ်မြေဧက ၁၀၀ ကို ဖော်ထုတ်တာဖြစ်တဲ့အတွက် လုပ်ကွက်ငယ်တောင်သူများကို စုစည်းပြီးဖြစ်ပါတယ်။ အစုအဖွဲ့နဲ့ JICA ချေးငွေရရှိနိုင်ဖို့ အဆင်သင့်ပြင်ဆင်ထားတဲ့အခြေအနေဖြစ်တာကြောင့် ချေးငွေရဖို့ဆောင်ရွက်ရင် အလွယ်လွယ်ကုန်သွားမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဧက ၁၀၀ ကွက်များကို ဖော်ထုတ်ပြီးတဲ့အချိန်ကျရင် လယ်ယာမြေဖော်ထုတ်တိုင်းတာရေးနှင့် ကြေးတိုင်စိုက်ခြင်းလုပ်ငန်းကိုပါ တစ်ပါးတည်းဆောင်ရွက် သကဲ့သို့ဖြစ်တဲ့အတွက် မြေတိုင်းတာပြီး ဦးပိုင်သတ်မှတ်တဲ့လုပ်ငန်းကိုလည်း အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဒါဆိုရင် ပုံစံ(၇) မှန်ကန်ဆောင်ရွက်ခြင်းဟာလည်း လွယ်ကူသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့ စက်မှုလယ်ယာစနစ်အမြန်ဆုံး ဖွံ့ဖြိုးအောင်မြင်ရေးအတွက် ဧကကွက်များဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နီနီဒွန်း(ပေါက်ခေါင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပေါက်ခေါင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီဒွန်း ဖြစ်ပါတယ်။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ စီးပွားရေးရဲ့အခြေခံကတော့ စိုက်ပျိုးရေးကဏ္ဍဖြစ်တဲ့အတွက် နိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ တောင်သူလယ်သမားများသာဖြစ်ကြပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ အရေးပါတဲ့လိုအပ်ချက်ဖြစ်ပါတယ်။ စက်မှုလယ်ယာစနစ်အပြည့်အဝကျင့်သုံးနိုင်မယ့် လယ်ဧကကွက်များဖော်ထုတ်ဆောင်ရွက်ရန်ဟာ အရေးကြီးတဲ့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ စနစ်ကျမြေပြုပြင်ဖော်ထုတ်ခြင်းဟာ တောင်သူတွေအတွက် ရေရှည်အကျိုးရှိမယ့်ကိစ္စရပ်ဖြစ်တာကြောင့် လယ်မြေပြုပြင်ဖော်ထုတ်ခြင်း စီမံကိန်းဟာ အရေးကြီးလှပါတယ်။ ဒီစီမံကိန်းမှာ အဓိကအကျဆုံးအချက်ဟာ စီမံကိန်းဧရိယာအတွင်း ပါဝင်တဲ့ လယ်သမားအားလုံး အောက်ပါအချက်များကိုကောင်းစွာသိရှိပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါတယ်။ လယ်မြေများလျော့နည်းသွားနိုင်ခြင်း၊ လယ်ကွက်နေရာရွှေ့သွားနိုင်ခြင်း၊ ဖော်ထုတ်ပြီးစကာလမှာ မြေညှိခြင်းကြောင့် အပေါ်ယံမြေဆီလွှာများ ပြန်လည်ပြုပြင်ဖို့ လိုအပ်လာနိုင်ခြင်း၊ မြေမပြင်မီ တောင်သူတစ်ဦးချင်းရဲ့ လယ်မြေကို မြေစာရင်းမှ စနစ်တကျ တိကျစွာတိုင်းတာဖို့ လိုအပ်ခြင်း၊ ဖော်ထုတ်ပြီး လယ်မြေခွဲဝေမှုမှာ စီမံကိန်းဧရိယာအတွင်းရှိ လယ်သမားများပါဝင်တဲ့ ကြီးကြပ်မှုကော်မတီရဲ့ ညှိနှိုင်းဆုံးဖြတ်မှုကို လိုက်နာဆောင်ရွက်ရခြင်း စတာတွေကို စီမံကိန်းမစမီ တောင်သူများအား သေချာစွာရှင်းလင်းဟောပြောရန် အထူးလိုအပ်ပါတယ်။

ဒါ့အပြင် စက်မှုလယ်ယာစနစ်ကျင့်သုံးခြင်းဖြင့် တောင်သူများရရှိမယ့် အားသာချက်များကိုလည်း ထပ်မံဆွေးနွေးတင်ပြလိုပါတယ်။ ရာသီမရွေးထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ခြင်း၊ ပုံသဏ္ဌာန်မှန်ကန်တဲ့ စနစ်ကျလယ်ကွက်များပိုင်ဆိုင်နိုင်ခြင်း၊ မြေပြင်ညီညာမှုရှိတဲ့အပြင် ရေသွင်းရေထုတ်မြောင်းတွေရှိတဲ့အတွက် ရေကိုလိုသလို အသွင်းအထုတ်ပြုလုပ်နိုင်ခြင်း၊ စက်ကိရိယာများ လွယ်ကူ စွာဝင်/ထွက်အသုံးပြုနိုင်တဲ့အတွက် အချိန်၊ လုပ်အား၊ ငွေကြေးကုန်ကျမှုသက်သာစေခြင်း၊ ရာသီ

အချိန်မီစိုက်ပျိုးရိတ်သိမ်းနိုင်တဲ့အတွက် ထွက်ကုန်သီးနှံအရည်အသွေးကောင်းရရှိပြီး ဈေးကွက်ဝင်သီးနှံများရရှိခြင်း စတဲ့အချက်များပဲ ဖြစ်ပါတယ်။ ကျွန်မလေ့လာတွေ့ရှိရတဲ့ ကျွန်မတို့နဲ့ ဖွံ့ဖြိုးတိုးတက်မှုသိပ်မကွာတဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့ နှိုင်းယှဉ်ဖို့ Power Point တင်ပြခွင့်ပြုပါရှင်။ ၂၀၁၃ ခုနှစ်မှာ ကျွန်မတို့နဲ့ ဖွံ့ဖြိုးတိုးတက်မှုသိပ်မကွာတဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ စိုက်ပျိုးရိတ်သိမ်းဧရိယာဟာ မြန်မာထက် ဟက်တာ သိန်း ၄၀ လျော့နည်းစိုက်ပျိုးထားတာကို တွေ့ရပါတယ်။ နောက် စပါး Export မှာလည်း ကမ္ဘောဒီးယားဟာ မြန်မာနိုင်ငံထက် တန်ချိန် ၁၂၃ သိန်း လျော့နည်းတင်ပို့ခဲ့ပါတယ်။ ရရှိတဲ့အကျိုးအမြတ်ကျတော့ US Dollar သိန်း ၁၀၀၀ ကျော် ကမ္ဘောဒီးယားက မြန်မာထက် ပိုမိုပြီးတော့ရရှိနေတာကို တွေ့ရပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ကျွန်မတို့မြန်မာနိုင်ငံရဲ့ ဆန်စပါးအရည်အသွေးဟာ နိုင်ငံတကာဈေးကွက်မှာ ဈေးကောင်းမရတာ သေချာပါတယ်။ အရည်အသွေးတန်းဝင်တဲ့စပါးသီးနှံများထွက်ရှိဖို့ အဓိကလိုအပ်နေပြီး စက်မှုလယ်ယာစနစ်ကို ဖော်ဆောင်ရန်ဟာ အရေးတကြီးလိုအပ်နေပြီဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်မတို့ ပေါက်ခေါင်းမြို့နယ်အကြောင်းကိုလည်း တင်ပြလိုပါတယ်။ ပေါက်ခေါင်းမြို့နယ်မှာ နွေစပါးစိုက်ဧက ၁၀၆၅၆ ဧက၊ မိုးစပါးစိုက်ဧက ၄၆၇၅၄ ဧက စိုက်ပျိုးမှာဖြစ်ပါတယ်။ ပေါက်ခေါင်းမြို့နယ်ဟာ မြေပြန့်နည်းပါးပြီး ပဲခူးရိုးမတောင်ပေါ်ဒေသဖြစ်တာကြောင့် ဖွံ့ဖြိုးမှုနောက်ကျတဲ့အတွက် စိုက်ပျိုးရေးကဏ္ဍဖြင့်သာ မြို့နယ်ဖွံ့ဖြိုးမှုကိုမြှင့်တင်ရန်အတွက် စနစ်ကျလယ်ဧကကွက်များဖော်ဆောင်ခြင်းကို ကျွန်မတို့မြို့နယ်က ကြိုဆိုခဲ့ကြပါတယ်။ ကျွန်မတို့မြို့နယ်ရဲ့ ဧကကွက်ဖော်ဆောင်ခြင်းလုပ်ငန်းများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရှင်။ ဒါနှင့်တစ်ဆက်တည်း ကျွန်မတို့မြို့နယ်ရဲ့ စနစ်ကျလယ်ဧကကွက်များဖော်ဆောင်ရာမှာ တွေ့ရှိရတဲ့ အခက်အခဲများကို တင်ပြလိုပါတယ်။ ပထမအခက်အခဲကတော့ ယခုလက်ရှိဖော်ဆောင်ခြင်းသည် စနစ်ကျဧကကွက်ဖော်ဆောင်ခြင်းဖြစ်တဲ့အတွက် ကုန်ထုတ်လမ်းများ ရေသွင်း၊ ရေနုတ်မြောင်းများသည် မြေသားဖြစ်တဲ့အတွက် မိုးရာသီကာလမှာ သွားလာရခက်ခဲခြင်း၊ ကုန်ပစ္စည်းသယ်ဆောင်ရန်မလွယ်ကူခြင်း၊ မြောင်းတွေဟာ ရေစီးဆင်းမှုမကောင်းခြင်းဆိုတဲ့ အခက်အခဲတွေနဲ့ကြုံတွေ့နေရပါတယ်။ ဒါကြောင့် စနစ်ကျအဆင့်မှ အဆင့်မြင့် လယ်ဧကကွက်ဖော်ဆောင်ပေးမယ်ဆိုရင် ကုန်ထုတ်လမ်းတွေဟာ မြေနီလမ်းဖြစ်လာမယ်။ ရေသွင်း၊ ရေနုတ်မြောင်းတွေဟာ အုတ်စီမြောင်းဖြစ်လာတဲ့အတွက် အထက်ပါအခက်အခဲတွေ အဆင်ပြေသွားမှာဖြစ်ပါတယ်။

ဒုတိယအခက်အခဲကတော့ ဖော်ထုတ်ပြီး ဧကကွက်တွေရဲ့ လိုအပ်ချက်တွေကို တင်ပြတဲ့နေရာမှာ တင်ဒါရကုမ္ပဏီကိုသာ တိတိကျကျတင်ပြမှ အဆင်ပြေနိုင်ပါတယ်။ ဒါကြောင့် ဧကကွက်ဖော်ဆောင်ခြင်းရဲ့လုပ်ငန်းစဉ်တိုင်းကို ကုမ္ပဏီတစ်ဦးတည်းကသာ လုပ်ဆောင်သင့်ပါတယ်။ ဒါမှသာ တောင်သူတွေအနေနဲ့ ဒီလုပ်ငန်းစဉ်တွေကို လိုအပ်ချက်တွေရှိလာရင် တာဝန်ယူတဲ့ကိစ္စရပ်တွေကို တစ်နေရာတည်းသို့သာ ပိုင်ပိုင်နိုင်နိုင်ပြောကြားနိုင်မှာဖြစ်ပါတယ်။ ဧကကွက်ဖော်ဆောင်ပြီးတဲ့ကွင်းတွေမှာ လိုအပ်ချက်များတွေ့ရှိရင်လည်း ကုမ္ပဏီမှ ပြန်လည်ပြုပြင်ပေးရန် လိုအပ်ပါတယ်။ ဒါကြောင့် တောင်သူတွေနဲ့ ညှိနှိုင်းဆောင်ရွက်ရန် နှစ်နှစ်မှ သုံးနှစ် ပိုင်းခြားသတ်မှတ်ပေးဖို့ လိုအပ်ပါတယ်လို့ အကြံပြုလိုပါတယ်။ ကျွန်မတို့မြို့နယ်ဟာ ၂၀၁၅-၂၀၁၆ မှ ၂၀၁၇-၂၀၁၈ သုံးနှစ်တာကာလ

အတွင်း လယ်ဧက ၃၅၀ ဖော်ဆောင်ပြီး ဧက ၁၀၀ ကို ဖော်ဆောင်ဆဲဖြစ်ပါတယ်။ ပေးကားပေး၏မရ မဖြစ်စေဖို့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် စက်မှုလယ်ယာစနစ်ဖော်ဆောင်ရာမှာ ပါဝင်ရမယ့်ဌာနတွေဖြစ်တဲ့ စက်မှုလယ်ယာ၊ ဆည်မြောင်း၊ မြေစာရင်းမှ ဝန်ထမ်းတွေဟာ စိတ်ရောကိုယ်ပါ တာဝန်ထမ်းဆောင်လိုစိတ်ရှိရန်မှာ အလွန်အရေးကြီးပါတယ်။ အဆင့်မြင့်စက်မှုလယ်ယာဖော်ထုတ်တဲ့နေရာမှာ တောင်သူများဟာလည်း ပူးပေါင်းပါဝင်ဖို့ အထူးလိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုဟာ အချိန်အခါသင့် တင်သွင်းသောအဆိုဖြစ်တဲ့အတွက် အမှန်တကယ်အရှိန်အဟုန်မြှင့်အကောင်အထည်ဖော်သင့်ကြောင်း လေးလေးနက်နက်ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်မြင့်(သာယာဝတီမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ သာယာဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပြီး ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကိုထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လယ်ယာမြေပြုပြင်ပြောင်းလဲရေးလုပ်ငန်းတွေ၊ စီမံကိန်းတွေဟာ မရှိမဖြစ်ရှိနေရမှာဖြစ်ပြီး မလုပ်မဖြစ်လုပ်နေရမှာပဲဖြစ်ပါတယ်။ အဆိုရှင်ဖော်ပြတဲ့စီမံကိန်းကို လေ့လာကြည့်တဲ့အခါ ရည်ရွယ်ချက်(၄)ချက်၊ စီမံကိန်းမြေနေရာရွေးချယ်ခြင်းလုပ်ငန်းစဉ်(၁၁)ချက်၊ အကျိုးကျေးဇူး(၈)ချက်ဆိုတာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ရည်ရွယ်ချက်(၄)ချက်ကတော့ (၁) လယ်ယာလုပ်ငန်းခွင်တွင် စက်ကိရိယာများအသုံးပြုခြင်းဖြင့် ရှားပါးလာသော လူ့လုပ်အားအရင်းအမြစ်များနေရာတွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းရေး၊ (၂) ရေသွင်းရေထုတ်စနစ်ပါရှိသော ခေတ်မီစိုက်ပျိုးရေးနည်းစနစ်ဖြင့် သီးနှံများအထွက်တိုးစေရန်၊ (၃) ရာသီဥတုဒဏ်ကိုကာကွယ်၍ အချိန်အခါမီ ထွန်ယက်စိုက်ပျိုးရိတ်သိမ်းနိုင်ပြီး သီးထပ်များစိုက်ပျိုးနိုင်ရန်၊ (၄) အလေအလွင့်နည်းပါးစွာဖြင့် ရိတ်သိမ်းခြွေလှေ့နိုင်၍ အရည်အသွေးကောင်းသီးနှံများရရှိစေလျက် တောင်သူများဝင်ငွေတိုးတက်လာစေပြီး လူမှုစီးပွားဘဝမြင့်မားတိုးတက်လာစေရေးတို့ ဖြစ်ပါတယ်။ အင်မတန်ရည်ရွယ်ချက်ကောင်းတဲ့ စီမံကိန်းတွေ၊ စီမံချက်တွေဖြစ်ပါတယ်။ သို့သော် ဖြေးဖြေးနှင့်နှေးနှေးသွားနေတာတွေ မြင်နေတဲ့အတွက် ဝင်ရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ အဲဒီတော့ စီမံကိန်းမြေနေရာရွေးချယ်ခြင်းလုပ်ငန်း ၁၁ ချက်ကိုလေ့လာလိုက်တော့ နံပါတ်(၁) လယ်မြေဖြစ်ပြီး အနည်းဆုံးတစ်ကွင်းတစ်ဆက်တည်း ဧက ၁၀၀ ရှိရမယ်ဆိုတဲ့အချက်ကိုလည်း ဝန်ကြီးဌာနအနေနဲ့ ပြန်လည်သုံးသပ်သင့်ပါတယ်။ နောက်နံပါတ်(၃) အချက်မှာပြထားတဲ့ အရှုပ်အရှင်းကင်းသည့် ပုံစံ(၇)ရရှိပြီး ဦးပိုင်ပေါက်လယ်ကွက်များဖြစ်ခြင်းဆိုတဲ့နေရာမှာ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအစိုးရကတော့ ဒီပုံစံ(၇)တွေ ပြန်လည်စိစစ်ရေးကော်မတီတွေပြန်လည်ဖွဲ့စည်းပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအပါအဝင်။ သို့သော် တိုင်းဒေသကြီးမှာ ဒီလိုဖွဲ့စည်းပြီး မစိစစ်လို့ရှိရင် ဒီအချက်ဟာလည်းပဲ စီမံကိန်းရဲ့ နှောင့်နှေးရာနှောင့်နှေးကြောင်းအချက်တစ်ချက်ဖြစ်တဲ့အတွက် တင်ပြဆွေးနွေးခြင်းဖြစ်ပါတယ်။ အဲဒီတော့ အကျိုးကျေးဇူးကိုလည်း ခုန ဒေါ်နီနီဗွန်းထည့်ပြောခဲ့တဲ့အတွက် ကျွန်တော်အကျယ်တဝင့်ထည့်မပြောတော့ပါဘူး။ အဓိက

ကတော့ ကျွန်တော်တို့က ခုနက အချက်မှာတင်ပြထားသလို ဧက ၁၀၀ ရှိမှလုပ်မယ်။ အဲဒီမှာ ဧက ၁၀၀ မှာ လယ်သမားတစ်ယောက်၊ နှစ်ယောက်လောက်ကကန့်ကွက်လိုက်တာနဲ့ ဒီစီမံကိန်းသည် အချိန်တွေကြာညောင်းသွားတာထက် ကျွန်တော်တို့ မြေပြင်အနေအထားမှာ တကယ်တွေ့ရှိနေရပါတယ်။ ဒါကို ကျွန်တော်တို့ လေ့လာကြည့်လိုက်တဲ့အခါ ကိုရီးယားနိုင်ငံမှာကတော့ လယ်သမားရဲ့ ၈၀ ရာခိုင်နှုန်းက ထောက်ခံလို့ရှိရင် ဒီစံမံချက်ကို၊ စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ခွင့် ရှိတယ်ဆိုပြီးတော့ ဥပဒေနှင့်အညီ ခိုင်ခိုင်မာမာပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါကိုလည်း ဝန်ကြီးဌာန အနေနဲ့ လိုအပ်လို့ရှိရင် ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်ရေးဆွဲပြီးတော့ ဒီစီမံကိန်းကြီးအောင်မြင်ဖို့အတွက် အားသွန်ခွန်စိုက်ကြိုးစားဖို့ အကြံပြုလိုပါတယ်။ အဲဒီတော့ ဒီစီမံကိန်းကြီးရဲ့ နောက်တစ်ခုက အစိတ်အပိုင်းက ငွေရေး၊ ကြေးရေးဆိုတာ ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ အဲဒီတော့ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ဒီစီမံကိန်းတွေအတွက်လည်းပဲ ဘတ်ဂျက်တိုးတောင်းလာလို့ရှိရင် ခွင့်ပြုပေးနိုင်ဖို့လည်း ကျွန်တော်တို့ဘက်က ဒါသဘောထားပေးရမှာ ဖြစ်ပါတယ်။ နောက်ဒီစီမံကိန်းကြီးရဲ့ အဓိကအစိတ်အပိုင်းက ကုန်ထုတ်လမ်းမကြီးများဖြစ်ပါတယ်။ စီမံကိန်းဧရိယာထဲက ကုန်ထုတ်လမ်းနဲ့သူနဲ့ထိစပ်နေတဲ့ အဓိကကုန်ထုတ်လမ်းမကြီးများ ကွန်ယက်သဖွယ် ဆက်သွယ်နေဖို့လိုပါတယ်။ သယ်ယူစရိတ်မြင့်မားနေခြင်းဟာ လယ်သမားများအတွက် အဓိကအခက်အခဲတစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် လက်ရှိတည်ရှိနေတဲ့ ဆည်ပေါင်၊ တာတမံများဟာ အမာခံမြေသားလမ်းများသဖွယ် ဖြစ်နေတဲ့အတွက် ဆည်ပေါင်တာများကို အဆင့်မြှင့်တင်ပြီး ကုန်ထုတ်လမ်းမကြီးများအဖြစ် ပြုလုပ်ပေးဖို့ဝန်ကြီးဌာနကို အကြံပြုလိုပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ရှေ့နှင့်နောက် ဟန်ချက်ညီတဲ့စီမံကိန်းများဖြစ်ပြီးတော့ ကျွန်တော်တို့တိုင်းပြည်ဟာလည်း တကယ်ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးမှာ ဒီစီမံကိန်းကို အကောင်အထည်ဖော်တဲ့ တချို့ကိစ္စလေးတွေ တင်ပြချင်ပါတယ်။ ၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွေမှာ ဧကပေါင်း ၅၅၀၀ အကောင်အထည်ဖော်ထားတာတွေ့ပါတယ်။ အဲဒီတော့ လေးနှစ်အတွင်းမှာ ဧက ၅၅၀၀ ဆိုတော့ တစ်နှစ်မှာမှ ဧက ၁၀၀၀ လောက်ပဲ အကောင်အထည်ဖော်နိုင်တာဖြစ်တဲ့အတွက် ဒီစီမံကိန်းဟာ အင်မတန်နှေးကွေးနေတယ်လို့ ကျွန်တော်မြင်တယ်။ ဒါကြောင့်မို့လို့ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ အလျင်အမြန်ဆောင်ရွက်ဖို့ဆိုတာကို ကျွန်တော်တို့ ထောက်ခံရခြင်းလည်းဖြစ်ပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ပြည်သူလူထုရဲ့ဘဝဟာ တောင်သူလယ်သမားတွေရဲ့ဘဝဟာ တကယ်တိုးတက်လာမှာဖြစ်ပါတယ်။ အခုတော့ လုပ်တော့လုပ်တယ်။ ကျွန်တော်တို့က မအောင်မမြင်တွေဖြစ်နေတဲ့အခါကျတော့ တောင်သူလယ်သမားတွေရဲ့ ဒီစီမံကိန်းပေါ်မှာ ယုံကြည်မှုတွေအားနည်းနေတာလည်း ပေါ်ပေါက်နေတာအမှန်ပါပဲ။ မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်ဒီအဆိုကို လေးလေးနက်နက်ထောက်ခံ အကြံပြုအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဝင်း(မင်းဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးပဏာမ မေတ္တာများပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မင်းဘူး

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းထားတဲ့ စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုက်တက်အောင် ဧကကွက်များဖော်ထုတ်ခြင်းလုပ်ငန်းကို အမြန်ဆုံးအရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားသလို စိုက်ပျိုးရေးကိုအခြေခံတဲ့ ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေး ဦးမော့လာစေဖို့အတွက် အဓိကကျတဲ့အခန်းကဏ္ဍတစ်ခုအနေနဲ့ စက်မှုလယ်ယာကဏ္ဍ စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ လက်ရှိပြည်သူ့အစိုးရအနေနဲ့လည်း ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေတောင်သူလယ်သမားတွေရဲ့ဘဝဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာဖို့ နည်းလမ်းပေါင်းစုံနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေတာတွေကို တွေ့မြင်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉ မှာဆိုရင် နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန်နည်းပညာအရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရမည်လို့ ပြဋ္ဌာန်းပါရှိပါတယ်။ တောင်သူလယ်သမား၊ အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေမှာဆိုရင်လည်း ပုဒ်မ ၁၁ မှာဆိုရင် ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သောနည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ညှိနှိုင်းဆက်စပ် ဖြည့်ဆည်းဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်းပါရှိပြီး ပုဒ်မ ၁၂ မှာဆိုရင်စိုက်ပျိုးရေရရှိမှု ကုန်ထုတ်လမ်းများဖော်ထုတ်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်းမျှတစွာ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်းချမှတ်ပြီး ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်လို့ ပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဧကကွက်တွေဖော်ထုတ်မယ်ဆိုရင်စိုက်ပျိုးရေရရှိမှုအဆင်ပြေစေဖို့အတွက် ရေသွင်းမြောင်းတွေ၊ ရေထုတ်မြောင်းတွေကို စနစ်တကျဆောင်ရွက်ဖို့လိုအပ်သလို ကုန်ထုတ်လမ်းတွေဖော်ထုတ်ပြီးတော့ ကောင်းမွန်အောင်ဆောင်ရွက်ဖို့လည်း လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၀ နောက်ပိုင်းမှာ မြန်မာတစ်နိုင်ငံလုံး စနစ်တကျလယ်ယာမြေတွေဖော်ထုတ်ထားတဲ့ဧကတွေကို လေ့လာကြည့်တဲ့အခါမှာ ၂၀၁၁-၂၀၁၂ မှာဆိုရင် ၈၁၃၂ ဧက၊ ၂၀၁၂-၂၀၁၃ မှာဆိုရင် ၉၃၃၆ ဧက၊ ၂၀၁၃-၂၀၁၄ မှာဆိုရင် ၇၂၅၀ ဧက၊ ၂၀၁၄-၂၀၁၅ မှာဆိုရင် ၁၀၅၈၇ ဧက၊ ၂၀၁၅-၂၀၁၆ မှာဆိုရင် ၁၆၆၀၂ ဧက၊ ၂၀၁၆-၂၀၁၇ ဇန်နဝါရီလအထိ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ ၂၄၉၂ ဧက စုစုပေါင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလအထိ တစ်နိုင်ငံလုံး စနစ်ကျလယ်ယာမြေဖော်ထုတ်ပြီးသားဧကပေါင်းဟာ ၅၄၄၀၉ ဧက ဖော်ထုတ်ပြီးကြောင်း လေ့လာသိရှိရပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ၂၀၁၆-၂၀၁၇ မှာဆိုလို့ရှိရင် ဧကကွက်ဖော်တဲ့နှုန်းထားအနေနဲ့ မူလလယ်တစ်ဧကကို ၁၆၀၀၀၀ နှုန်း စနစ်တကျဖော်ထုတ်ပြီးတဲ့ လယ်တစ်ဧကကို ၁၉၀၀၀၀ နှုန်းနှင့် ဖော်ဆောင်ပေးခဲ့ကြောင်းလေ့လာသိရှိရပါတယ်။ စနစ်တကျလယ်ယာမြေဧကကွက်တွေကို အရှိန်အဟုန်မြှင့်ဖော်ထုတ်တဲ့နေရာမှာ အမှန်တကယ်စိုက်ပျိုးရေးလုပ်ကိုင်တဲ့ တောင်သူတွေကိုယ်တိုင် နားလည်လက်ခံပြီးပါဝင်လာအောင်လည်း စည်းရုံးဆောင်ရွက်ဖို့ အရေးကြီးသလို စနစ်တကျလယ်ယာမြေတွေ

ဖော်ထုတ်ပြီးတဲ့နေရာမှာလည်း တောင်သူတွေကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တက်ဖို့နှင့် စနစ်တကျထိန်းသိမ်းပြုပြင်ဖို့ကို စဉ်ဆက်မပြတ်စောင့်ကြည့်ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံပြီး ဧကကွက်တွေဖော်ဆောင်ပေးမည်ဆိုသော်လည်းပဲ တောင်သူများက ပူးပေါင်းပါဝင်မှု အခက်အခဲတွေ ကြုံတွေ့နေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဧကကွက်တွေဖော်တဲ့အခါမှာ ကျွန်တော်တို့ သီးနှံ ၁၀၀ ဆီလှပ်ပြီးတော့ ပေးရတဲ့အတွက် ကျွန်တော်တို့ မင်းဘူးမြို့နယ်မှာဆိုလို့ရှိရင် တချို့လယ်မြေတွေဟာ တော်တော်များများက တစ်နှစ်ကို သုံးသီးစားနေတဲ့အတွက် တောင်သူအများစုကတော့ ဒီတစ်သီးလှပ်ပေးရမယ့် အခြေအနေကို ကျွန်တော်တို့ စိတ်ဝင်မစားဘဲနဲ့ ပထမတော့လုပ်မယ်ပြောပြီးတော့ တကယ်စီမံကိန်းလုပ်မယ်လည်း ကျရော မလုပ်နိုင်တော့ဘူးဆိုတဲ့အခက်အခဲတွေလည်း ကြုံတွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ စနစ်တကျလယ်ယာမြေဖော်ထုတ်ပြီး တောင်သူတွေဟာ ဘယ်လောက်ထိ အကျိုးရှိနေပြီဆိုတာကိုလည်း အမှန်တကယ်အကျိုးရှိအောင် ဆောင်ရွက်ထားမှုရှိ/မရှိကိုလည်း လေ့လာဆန်းစစ်ဖို့လိုအပ်ပါတယ်။ နိုင်ငံတော်မှ ငွေကြေးစိုက်ထုတ်အကုန်အကျခံပြီးတော့ ဆောင်ရွက်တဲ့နေရာမှာ လယ်ယာမြေဧကအတွက်ဖော်ဆောင်ရေးအဖွဲ့ကသာ အဆင်ပြေပြီး အမှန်တကယ်စိုက်ပျိုးရေးလုပ်ကိုင်တဲ့ တောင်သူများအတွက် အကျိုးထူးမရှိဘူး။ စိုက်ပျိုးရေးကဏ္ဍလည်း မတိုးတက်ဘူးဆိုတာ မျိုးမဖြစ်ဖို့ကိုလည်း ဂရုပြုဖို့လိုအပ်လှပါတယ်။ အခုအချိန်မှာဆိုရင် လယ်ယာသုံးစက်ကိရိယာတွေ နှစ်ရှည်အရစ်ကျစနစ်နဲ့ ထုတ်ပေးနေပြီဖြစ်တဲ့အတွက် ကျေးရွာတိုင်းမှာလိုလို လယ်ထွန်စက်ကြီးတွေနဲ့ ထွန်ယက်စိုက်ပျိုးနေပြီ ဖြစ်တဲ့အပြင် ကျွန်တော်တို့ ရိတ်သိမ်းတဲ့အခါမှလည်း ရိတ်သိမ်းခြွေလှေ့စက်တွေကိုပါ အသုံးပြုနေပြီ ဖြစ်တဲ့အတွက် ဧကကွက်တွေကို နိုင်ငံတော်မှ ပိုမိုပြီးတော့ ဖော်ဆောင်ပေး မည်ဆိုပါက တောင်သူလယ်သမားတွေအတွက် ပိုမိုအဆင်ပြေကြမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အဆိုရှင် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုအား လေးလေးနက်နက် ထောက်ခံပါကြောင်းတင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းသွားတဲ့ စက်မှုလယ်ယာကဏ္ဍပြုပြင်ပြောင်းလဲရေးနဲ့စပ်လျဉ်းတဲ့အဆိုကို အကြံပြုချက်နှစ်ချက်နဲ့ထောက်ခံဆွေးနွေးသွားမယ့် ကျောက်တန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်ရှင်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ စက်မှုလယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံခြင်းဆိုတာဟာ အလှမ်းကျယ်လွန်းတဲ့ အလယ်လတ်သွားမှာ စိတ်ပူစရာမလိုတဲ့စီမံကိန်းဖြစ်တာသေချာပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ ၇၀ ရာခိုင်နှုန်းသောတောင်သူလယ်သမားတွေရဲ့ဘဝကို မြှင့်တင်ပေးနိုင်မယ့် နိုင်ငံရဲ့ဆင်းရဲမွဲတေမှုကိုလျှော့ချပေးနိုင်မယ့် နိုင်ငံတော်ရဲ့အခြေခံအကျဆုံးသော စီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေးကဏ္ဍကိုမြှင့်တင်ပေးနိုင်မှာဖြစ်တဲ့အတွက်

ဒီအဆိုကို ကျွန်မလေးလေးနက်နက်ထောက်ခံဆွေးနွေးရတာဖြစ်ပါတယ်။ Power Point အသုံးပြုပြီး တင်ပြ ခွင့်ပြုပါရှင်။ ကျွန်မတို့နိုင်ငံမှာ ဟက်တာသန်းပေါင်း ၆၇.၆၆ ဧရိယာအကျယ်အဝန်းရှိပါတယ်။ ဒီထဲမှာ စိုက်ပျိုးလုပ်ကိုင်နိုင်တဲ့မြေတွေဟာ ၁၇.၇ ရာခိုင်နှုန်းကစိုက်ပျိုးမြေဧရိယာဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေလည်း ရှိနေပါသေးတယ်။ စိုက်ပျိုးပေးနိုင်ပေမဲ့ စွန့်ပစ်ထားရတဲ့၊ လုပ်ကိုင်ခြင်းမရှိတဲ့မြေတွေဟာ ၈ ရာခိုင်နှုန်းထိသာဖြစ်နေပါတယ်။ ဒီပမာဏက အင်မတန်နှမြောစရာကောင်းတဲ့ပမာဏဖြစ်ပါတယ်။ နိုင်ငံရဲ့စုစုပေါင်းဧရိယာရဲ့ လေးပုံတစ်ပုံဟာ စိုက်ပျိုးလုပ်ကိုင်နိုင်တဲ့မြေတွေဖြစ်ပါတယ်။ ဒီလိုအခွင့်အရေးတွေပိုင်ဆိုင်ထားပါတယ်။ စိုက်ပျိုးမြေအားလုံးရဲ့ ၃၄ ရာခိုင်နှုန်းကတော့ လုပ်ကွက်ငယ်တောင်သူများပိုင်ဆိုင်တဲ့မြေဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ဒေသအသီးသီးမှာ စိုက်ပျိုးသီးနှံအသီးသီးက အောင်မြင်ဖြစ်ထွန်းနေပါတယ်။ နည်းပညာအားနည်းချက် ဈေးကွက်ဖော်ဆောင်နိုင်ခြင်းနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်ပြောင်းလဲနိုင်ဖို့လိုအပ်ချက်တွေကြောင့် တောင်သူတွေရဲ့ဘဝကတော့ ဆင်းရဲနေရပါသေးတယ်။ စိုက်ပျိုးသီးနှံပေါင်းစုံရှင်သန်ဖွံ့ဖြိုးနိုင်တဲ့မြေမှာ တောင်သူတွေရဲ့ဘဝ နွမ်းပါးနေတာ ကယ်တင်မှုဖြစ်ပါတော့မယ်ရှင်။ စိုက်ပျိုးမြေများကို သိမ်းယူထားပြီးတော့ စီမံကိန်းအကောင်အထည်မဖော်ဘဲ မြေလက်ဦးမှုရယူခြင်းဟာလည်း ဒေသခံတောင်သူတွေကို အခက်အခဲဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက်အကျိုးမဖြစ် ဖြစ်နေရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဟာ နိုင်ငံတော်ရဲ့ အဓိကကျတဲ့စီးပွားရေးဖြစ်တဲ့အတွက် လယ်ယာကဏ္ဍကိုပြုပြင်ပြောင်းလဲရေးလုပ်နိုင်မှ နိုင်ငံ့အပြောင်းအလဲက ပီပြင်တာဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဟာ နိုင်ငံရဲ့ GDP ရဲ့ ၂၈.၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍရဲ့ပို့ကုန်ဟာ ၂၅.၅ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီကဏ္ဍတွေအတွက် လုပ်သားအင်အားစု ၆၁.၂ ရာခိုင်နှုန်းရှိနေပါတယ်။ ဒီစာရင်းအချက်အလက်တွေကို ကြည့်ခြင်းအားဖြင့် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်ဆိုရင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှု၊ အောင်မြင်အောင်လုပ်မှုဖြစ်မယ်ဆိုတာ သိသာထင်ရှားစေပါတယ်။ ၂၀၁၅ ခုနှစ် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနဲ့ အကျိုးစီးပွားမြှင့်တင်ရေးနည်းဥပဒေတွေရဲ့ အခန်း(၅)မှာစိုက်ပျိုးရေရရှိရေးနဲ့ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးအတွက်ဆောင်ရွက်ခြင်းကို ပုဒ်မ ၁၀ ကနေ ၁၄ အတွင်းမှာ အသေးစိတ်ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ပုဒ်မ ၃၅ မှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနသည် လယ်ယာထုတ်ကုန်များကို ပြည်တွင်းပြည်ပဈေးကွက်သို့ တင်ပို့ရာတွင် စိုက်ပျိုးရေးနည်းစနစ်ကောင်းများ၊ လက်မှတ်များရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးရမယ်လို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

စက်မှုလယ်ယာကဏ္ဍကို ကူးပြောင်းဖို့အတွက်ကို ကျွန်မတို့မှာ ဥပဒေခိုင်ခိုင်မာမာရှိပြီးသားဆိုတာ တွေ့ရပါတယ်။ ကန်သင်းတင်လုပ်ကွက်ငယ်တောင်သူအချင်းချင်း ညှိနှိုင်းရတဲ့အခက်အခဲနဲ့ နိုင်ငံတော်ရဲ့ဘတ်ဂျက်အခက်အခဲကို ကျော်လွှားနိုင်ဖို့အတွက် အကြံပြုချက်နှစ်ခု တင်ပြချင်ပါတယ်ရှင်။ နိုင်ငံတော်မှာကျန်ရှိနေသေးတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို စနစ်ကျသောဧကကွက်များဖြင့် စက်မှုလယ်ယာဖော်ဆောင်ခြင်းအားဖြင့် တောင်သူလယ်သမားတွေ စက်မှုလယ်ယာအပေါ်မှာယုံကြည်မှုပိုမိုရှိလာပြီးတော့ စနစ်ကျတဲ့ဧကကွက်များ ဖော်ထုတ်ခြင်းမှာ ပူးပေါင်းပါဝင်လာနိုင်ပါတယ်။ (၂) အနေနဲ့ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များနဲ့ တောင်သူများအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မယ့် Contract Farming စနစ်အကောင်အထည်ဖော်ဖို့ရန်အတွက် တောင်သူများနစ်နာမှုမရှိစေ

ရန် လုပ်ငန်းရှင်များအကျိုးစီးပွားကာကွယ်ပေးနိုင်ရန် ဥပဒေများကို ပြဋ္ဌာန်းပြီးတော့မှ မြန်မာ့လယ်ယာကဏ္ဍမှာ အသေးစားအလတ်စားလုပ်ငန်းရှင်များ ပါဝင်ရင်းနှီးမြှုပ်နှံခွင့်ကို ဖန်တီးထားပေးနိုင်မှာဖြစ်ပါတယ်ရှင်။ ဒါကတော့ Contract Farming စနစ်နဲ့ တောင်သူနဲ့လုပ်ငန်းရှင်ပူးပေါင်းဆောင်ရွက်တဲ့ ပြီးခဲ့ တဲ့နှစ်က မိုးစပါးစိုက်တာဖြစ်ပါတယ်။ တောင်သူစုစုပေါင်း ၅၉၁ ဦးအတွက် လယ်ဧကပေါင်း ၂၅၁၈ ဧကကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်တဲ့သာဓကတွေလည်း တွေ့ရပါတယ်။ ဒါ့အပြင် ကာလအတန်ကြာပျောက်ဆုံးနေတဲ့ မြန်မာ့စိုက်ပျိုးသီးနှံများအပေါ်မှာ ယုံကြည်မှုတည်ဆောက်ဖို့အတွက် စက်မှုလယ်ယာဖော်ဆောင်ခြင်းက အကောင်းဆုံးနည်းဖြစ်ပါတယ်။ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ဓာတုဗေဒပစ္စည်းတွေရဲ့ ပါဝင်မှုများပြားမှုကြောင့် မြန်မာ့စိုက်ပျိုးသီးနှံတွေကို နိုင်ငံခြားတင်ပို့ရောင်းချတဲ့အတွက် အခက်အခဲတွေလည်းရှိနေပါတယ်။ ပြည်တွင်းစားသုံးမှုများအတွက်လည်း ဈေးကွက်အတွင်းမှာ ဘေးကင်းလုံခြုံတဲ့စိုက်ပျိုးသီးနှံများဝယ်ယူရေးအတွက်က စိုးရိမ်မှုတွေရှိလာပါတယ်။ စနစ်ကျဧကကွက်ဖော်ဆောင်ပြီး မြင့်မားတဲ့နည်းပညာနဲ့စိုက်ပျိုးထုတ်လုပ်နိုင်တဲ့ စက်မှုလယ်ယာဖော်ဆောင်ခြင်းဖြင့် ပျောက်ဆုံးနေတဲ့ ကျွန်မတို့ရဲ့သီးနှံတွေအပေါ် ယုံကြည်မှုလည်း ပြန်ရလာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို လေးနက်စွာထောက်ခံလိုက်ရပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော်က ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့စက်မှုလယ်ယာစနစ်ဖော်ထုတ်ရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တစ်ချိန်တုန်းက အရှေ့တောင်အာရှနိုင်ငံများမှာ ဆန်စပါးအများဆုံးထုတ်လုပ်ရောင်းချတဲ့နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အထွက်နှုန်းတွေလျော့နည်းပြီးတော့ ဆန်စပါးထုတ်လုပ်မှုအနည်းဆုံးအဆင့် ဘာကြောင့်ရောက်သွားရလဲဆိုတာကို သုံးသပ်ဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံတော်ကနေပြီးတော့ မျိုးကောင်းမျိုးသန့်တွေ၊ အရင်းအနှီး၊ နည်းပညာ၊ မြေဩဇာ၊ ဈေးကွက်အာမခံချက်ရှိအောင် ပံ့ပိုးပေးနိုင်မှုအားနည်းခဲ့တဲ့အတွက်ကြောင့်မို့ တောင်သူလယ်သမားများမှာ မိရိုးဖလာနည်းများဖြင့်သာ စိုက်ပျိုးနေကြရသောကြောင့် အထွက်နှုန်းများလျော့နည်းပြီး အရှေ့တောင်အာရှမှာ နောက်ဆုံးအဆင့်ကို ရောက်ရှိနေရခြင်းဖြစ်ပါတယ်။ သီးနှံအထွက်တိုးဖို့ရာအတွက် အဓိကကတော့ မျိုးကောင်းမျိုးသန့်မျိုးစေ့များ လုံလောက်အောင်ဖြန့်ဝေပေးနိုင်ရေးကလည်း အရေးကြီးတဲ့အချက်တစ်ချက် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေးသုတေသနလုပ်ငန်းများကို တိုးချဲ့ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မျိုးစေ့တွေ ဖြန့်ဝေနိုင်အောင် ထုတ်လုပ်ပေးသင့်ပါတယ်။ တရုတ်ကုမ္ပဏီများကနေ ထုတ်လုပ်တဲ့ စပ်မျိုးစပါးတွေဖြစ်တဲ့ ပုလဲသွယ်စပါးမျိုးကို ဝယ်ယူပြီးတော့ တောင်သူများကိုယ်တိုင် စိုက်ပျိုးခဲ့ရာမှာ တစ်ဧကကို စပါးတင်း ၂၀၀ နှင့်အထက်ထွက်ရှိတာကို တွေ့ရပါတယ်။ ဒါပေမဲ့ စပါးဈေးကွက်က စပါးအထွက်များသော်လည်းပဲ ဈေးကွက်ကမရှိတဲ့အတွက်ကြောင့်မို့လို့ တွက်ခြေကိုက်မှု မရှိပါဘူး။ နောက်ဒုတိယအချက်အနေနဲ့ အရင်းအနှီးဟာဆိုရင် အဓိကအခန်းကဏ္ဍကနေပြီးတော့ ပါဝင်ပတ်သက်နေပါတယ်။ တောင်သူအများစုဟာ ကိုယ်ပိုင်အရင်းအနှီးနဲ့မလုပ်ကိုင်နိုင်ကြပါဘူး။

နိုင်ငံတော်ရဲ့နှစ်တို စိုက်ပျိုးစရိတ်ချေးငွေကိုအားကိုးပြီးတော့ လုပ်ကိုင်နေကြရပါတယ်။ နှစ်သီးစား လုပ်တဲ့တောင်သူများမှာဆိုရင် နွေစပါးစိုက်ပျိုးစရိတ်ကို အပြင်ကနေချေးယူပြီးတော့မှ မိုးစပါးကို စိုက်ပျိုးရေးဘဏ်ကချေးငွေဖြင့် လုပ်ကိုင်နေကြရတာကို တွေ့ရပါတယ်။ နိုင်ငံတော်ကနေပြီးတော့ ယခုအခါမှာ လက်မှုလယ်ယာကနေပြီးတော့ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲရန်ရည်ရွယ်ပြီးတော့ နှစ်တိုချေးငွေအပြင် နှစ်ရှည်ချေးငွေများပါထုတ်ချေးပေးပါသော်လည်းပဲ တောင်သူအများစုမှာ လုပ်ကွက်ငယ်နဲ့ လုပ်ကွက်အလတ်တောင်သူများဖြစ်နေခြင်းကြောင့် အဆင်မပြေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးမှာ တောင်သူခြောက်ဦးသာလျှင် နှစ်ရှည်ချေးငွေကို ချေးယူနိုင်သေးတာကိုကြည့်ခြင်းအားဖြင့် လယ်ယာသုံးထွန်စက်၊ ရိတ်စက်၊ စိုက်စက်များ ဝယ်ယူအသုံးပြုနိုင်ရန် ခက်ခဲနေအုံးမှာဖြစ်ပါတယ်။ ဒါကြောင့်နှစ်ရှည်ချေးငွေတွေကို လုပ်ကွက်ငယ်၊ လုပ်ကွက်လတ်တောင်သူများကိုလည်း ချေးယူနိုင်အောင် ပြန်လည်သုံးသပ်ပြီးတော့မှ ဆောင်ရွက်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအဆိုရှင်တင်ပြထားခဲ့တဲ့အတိုင်းပဲ ကုန်ထုတ်လမ်းများ မျက်နှာပြင်ညီတဲ့ ဧကကွက်များ၊ ရေသွင်းရေထုတ်မြောင်းများကို စနစ်တကျဖော်ထုတ်လုပ်ကိုင်လိုကြသော်လည်းပဲ တောင်သူများမှာ ရင်းနှီးငွေမတတ်နိုင်ကြတဲ့အတွက်ကြောင့်မို့ စိတ်ဝင်စားမှုနည်းပါးတာကို တွေ့ရပါတယ်။ ယခုအခါမှာ JICA ကနေပြီးတော့ သုံးနှစ်စီမံကိန်းနှင့် ဆည်မြောင်းများကို ပြင်ပေးမယ်လို့ သိရတဲ့အတွက်ကြောင့် လယ်သမားများအနေနဲ့လည်း ဧကကွက်များကို မဖြစ်မနေဖော်ထုတ်ပြီးတော့မှ အဆင့်မြင့်လယ်ယာများကို စိတ်ဝင်စားသင့်ပါတယ်။ မြန်မာနိုင်ငံမှာဆိုရင် နည်းပညာနဲ့အရင်းအနှီးဟာ အလွန်ကို အထူးအားနည်းလျက်ရှိတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ဝက်လက်မြို့နယ်မှာ ပြီးခဲ့တဲ့ ၂၀၁၇-၂၀၁၈ မိုးစပါးစိုက်ချိန်မှာ တောင်သူများကနေပြီးတော့ စက်မှုလယ်ယာဦးစီးဌာနနှင့် ဆက်သွယ်ပြီးတော့ ကောက်စိုက်စက်များဖြင့်စိုက်ရန် ဗန်းများဖြင့်ပျိုးထောင်ထားကြပါသော်လည်း စက်တစ်စက်သာရှိခြင်း၊ စက်ပျက်ခြင်းကြောင့် နောက်ဆုံးမှာကောက်စိုက်မများဖြင့်သာ စိုက်ပျိုးခဲ့ကြရပါတယ်။ နိုင်ငံတော်မှ အရည်အသွေးကောင်းတဲ့ ကောက်စိုက်စက်များ မြို့နယ်တိုင်းလိုလိုမှာ လုံလုံလောက်လောက်ချပေးပြီး တောင်သူများစိတ်ဝင်စားမှုရှိလာအောင် စည်းရုံးပညာပေးရမှာဖြစ်ပါတယ်။

ယခုအခါမှာ လုပ်သားများရှားပါးမှုကြောင့် စပါးရိတ်စက်များ၊ လက်တွန်းထွန်စက်များ အသုံးပြုလာကြသော်လည်းပဲ ကောက်စိုက်စက်များဝယ်ယူအသုံးပြုရန်၊ ပညာပေးစည်းရုံးရန်လိုအပ်နေပြီဖြစ်ပါတယ်။ သုတေသနလုပ်ငန်းအတွက် စိုက်ပျိုးရေးဘတ်ဂျက်ငွေ များများသုံးပြီးတဲ့အခါမှာ နည်းပညာများများပေးနိုင်အောင် လုပ်ပေးရမှာဖြစ်ပါတယ်။ ဥပမာအနေနဲ့ ဧရာဝတီပေါ်ဆန်းတို့၊ ရွှေဘိုပေါ်ဆန်းစပါးတွေကို အထွက်နှုန်းတိုးအောင် ပိုးမွှားကင်းပြီးတဲ့အခါမှာ အရည်အသွေးကောင်းအောင် နည်းပညာများများ ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။ ဘာဖြစ်လို့လည်းဆိုရင် ဈေးကွက်ရှိတဲ့စပါးများဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ မရှိမဖြစ်လိုအပ်တဲ့ဓာတ်မြေဩဇာကိုလည်းပဲ အရည်အသွေးပြည့်မီအောင် စိစစ်ပေးဖို့လိုသလို သီးနှံဈေးကွက်အာမခံချက်ရှိအောင် လုပ်ပေးဖို့ရာလည်း အလွန်အရေးကြီးပါတယ်။ နောက်ဆုံးအနေနဲ့ ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့တောင်သူလယ်သမားများအတွက် လေ့ကျင့်သင်တန်းပေးရေးအစီအစဉ်များပါရှိတဲ့ နည်းပညာအဆင့်အတန်းမြင့်မားတဲ့ နောက်ဆုံးပေါ် လယ်ယာစိုက်ပျိုးမှု၊ လယ်ယာသုံးစက်ကိရိယာ၊ စက်ယန္တရားများနှင့် အသုံး

ချသင်တန်းများကို အမြန်ဆုံးလုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ သို့မှသာ စက်မှုလယ်ယာအဆင့်ကို အမြန်ရောက်ရှိပြီးတဲ့အခါမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ဒေါက်တာ ဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို အကြံပြုထောက်ခံ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံ ဖြစ်တာနဲ့အညီ နိုင်ငံတော် GDP ရဲ့ ၂၈.၆ ရာခိုင်နှုန်းဟာ လယ်ယာကဏ္ဍမှရရှိနေတာဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ အရည်အသွေးကောင်းမွန်သော လယ်ယာထွက်ကုန်များကို တိုးမြှင့်ထုတ်လုပ် နိုင်မှသာ လူမှုစီးပွားဘဝတွေ တိုးတက်မြင့်မားလာမှာဖြစ်သလို နိုင်ငံ့စီးပွားရေးလည်း မြင့်တက်လာမှာ ဖြစ်ပါတယ်။ မိရိုးဖလာစိုက်ပျိုးနေကြတဲ့ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ကူးပြောင်းဖို့ ဆိုရင် အစိုးရနဲ့တောင်သူလက်တွဲညီဖို့လိုအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)ပုဒ်မ ၂၉ တွင် နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းနိုင်ရန် နည်းပညာအရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရမည်ဟု ပြဋ္ဌာန်းထားတဲ့အတိုင်း နိုင်ငံတော်မှာလည်း လယ်ယာကဏ္ဍပိုမိုအထွက်တိုးတက်စေရန် ရည်ရွယ်ပြီး နိုင်ငံတော်ဘတ်ဂျက်ငွေ များမှလည်းကောင်း၊ နိုင်ငံတကာချေးငွေ၊ ထောက်ပံ့ငွေများဖြင့်လည်းကောင်း၊ အဆင့်မြင့်လယ်ယာ မြေဧကကွက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဥတ္တရသီရိနှင့် ဇေယျာသီရိ မြို့နယ်များတွင် International Fund for Agricultural Development(IFAD) အပြည်ပြည်ဆိုင်ရာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေအဖွဲ့ရဲ့ချေးငွေ အမေရိကန်ဒေါ်လာ ၁၈.၇၂၆ သန်းဖြင့် ပေါင်းလောင်းဆည်၊ ချောင်းမငယ်ဆည်နဲ့ မဒန်းဆည်စတဲ့ ဆည်ရေသောက်ဧရိယာသုံးခု အတွင်းမှာရှိတဲ့ လယ်ယာမြေဧကပေါင်းတစ်သောင်းကို အဆင့်မြင့်လယ်ယာမြေဧကကွက်များဖြင့် ဖော်ထုတ်ရန်လျာထားကြောင်းလည်း သိရှိရပါတယ်။ စီမံကိန်းကာလဟာ ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ခုနှစ်အထိဖြစ်ပါတယ်။ IFAD ချေးငွေဖြင့် လယ်ဝေးမြို့နယ်မှာ ၉၅၄.၁၈ ဧကနဲ့ ပျဉ်းမနားမြို့နယ်မှာ ၃၅၇ ဧက စုစုပေါင်း အဆင့်မြင့်လယ်ယာမြေဧက ၁၃၁၁.၁၈ ဧကကို ဖော်ထုတ်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအနေနဲ့ အဆင့်မြင့်လယ်ယာမြေ ဧကကွက်များဖော်ထုတ်ခြင်းဖြင့် လယ်ယာမြေကွက်တစ်ကွက်ချင်းအလိုက် ရေကိုလိုအပ်သလို အထုတ်အသွင်းပြုနိုင်ခြင်း၊ လယ်ကွက်တိုင်းတွင် ကိုယ်ပိုင်ကုန်ထုတ်လမ်း၊ ရေတွင်းမြောင်း၊ ရေနုတ် မြောင်းများရှိလာခြင်း၊ ပုံစံမကျဘဲ ပြန့်ကျဲနေသောလယ်ကွက်များကို ပုံစံကျ၍လေးထောင့်ကွက်

များဖြင့် ပြောင်းလဲပေးနိုင်ခြင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ခြင်း၊ သီးနှံအထွက်နှုန်း တိုးတက်ခြင်း၊ လယ်ယာလုပ်သားလိုအပ်ချက်များကို လျှော့ချနိုင်ခြင်း၊ ပိုလျှံလာသောလုပ်သား အင်အားများကို အခြားကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုနိုင်ခြင်း၊ ရိတ်သိမ်းစရိတ်ကို လျှော့ချနိုင်ပြီး လေလွင့်ဆုံးရှုံးမှုများကို သက်သာစေခြင်း၊ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာခြင်းစတဲ့ အကျိုးကျေးဇူး များစွာကို ရရှိစေပါတယ်။ အခက်အခဲများအနေနဲ့ကတော့ အဆင့်မြင့်လယ်ယာမြေဧကကွက်များ ဖော်ထုတ်ရာတွင် စီမံကိန်းဧရိယာအတွင်းမှာရှိတဲ့ လယ်သမားများအားလုံးက သဘာတူညီဖို့လိုသလို ကုန်ထုတ်လမ်း၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းများပြုလုပ်ရန်အတွက် မြေနေရာများကိုလည်း တောင်သူလယ်သမားများက ညီတူညီမျှကျခံပေးရန်လိုအပ်ကြောင်းလည်း သိရှိရပါတယ်။ ဒါ့အပြင် အဆင့်မြင့်လယ်ယာမြေဧကကွက်များဖော်ထုတ်ရန်အတွက် လုပ်ငန်းစတင်အကောင်အထည်ဖော်မယ့် အချိန်ဟာ တောင်သူများအနေဖြင့် ဆောင်းသီးနှံဖြစ်တဲ့ မတ်ပဲစိုက်ပျိုးနေတဲ့အချိန်ဖြစ်တာကြောင့် စိတ်ဝင်စားမှုလျော့နည်းနေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် လယ်ယာကဏ္ဍပိုမိုဖွံ့ဖြိုး တိုးတက်စေရန်အတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ပြောင်းလဲနိုင်ရန် နိုင်ငံတော်က ဘက်ပေါင်းစုံထောက်ပံ့ပေးနေတဲ့အချိန်မှာ တောင်သူဦးကြီးများအနေဖြင့် ရေရှည်အကျိုးကျေးဇူးကို ကြည့်ပြီး အဆင့်မြင့်လယ်ယာမြေဧကကွက်များကို ဖော်ထုတ်သင့်ပါကြောင်း အကြံပြုလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်လာစေဖို့ဆိုရင် အဆင့်မြင့်လယ်ယာမြေဧကကွက်များ ဖော်ထုတ်ပေးခြင်း၊ စက်မှု လယ်ယာသို့ကူးပြောင်းခြင်းစတဲ့ လုပ်ငန်းများအပြင် စိုက်ပျိုးရေးနဲ့ပတ်သက်တဲ့ အသိပညာပေးခြင်း၊ နည်းပညာပေးခြင်းလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းဖော်ဆောင်ဖို့လိုပါတယ်။ ဒါ့အပြင် ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးတွေမှာရှိတဲ့ ကုန်စည်ဒိုင်ကြီးများရဲ့ ကောက်ပဲသီးနှံအလိုက် အဝယ် စျေးနှုန်းများ၊ မိုးလေဝသသတင်းများ၊ မြေသြဇာစျေးနှုန်းများကိုလည်း တောင်သူဦးကြီးများ အလွယ်တကူ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် FM Radio များမှတစ်ဆင့် နေ့စဉ်အသိပေး ကြေညာသင့်ပါကြောင်း အကြံပြုလိုပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ တောင်သူဦးကြီးများရဲ့ အခြေခံ လိုအပ်ချက်ဖြစ်တဲ့ လယ်ယာကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဖော်ထုတ်ပေးမှသာ နိုင်ငံရဲ့ စီးပွားရေးလည်း ပြန်လည်ဦးမော့လာမှာဖြစ်သလို ဆင်းရဲနွမ်းပါးမှုကိုလည်း လျှော့ချနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် အဆင့်မြင့်လယ်ယာမြေဧကကွက်များ ဖော်ထုတ်ခြင်းနဲ့ပတ်သက်ပြီးလည်း ဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲသင့်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တင်သွင်းတဲ့ စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဧကကွက်များဖော်ထုတ်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးအောင်နိုင်(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်း

ဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်နိုင်ဖြစ်ပြီး၊ ပြည်မဲဆန္ဒနယ်က ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုကိုလေ့လာကြည့်တဲ့အခါမှာ စိုက်ပျိုးရေးနည်းပညာအဆင့်မြှင့်ရန်၊ သီးနှံအထွက်တိုးရန် အဆင့်မြှင့်စိုက်ပျိုးထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန်ဆိုတဲ့ အချက်တွေကိုအခြေခံပြီးတော့ မြန်မာ့လယ်ယာစိုက်ပျိုးရေးနည်းစနစ် တိုးတက်ပြောင်းလဲလာပြီး ကျေးလက်နေပြည်သူများရဲ့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ချက်ကောင်းနဲ့ တင်ပြထားတာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးနဲ့အသက်မွေးကျောင်းပြုကြတဲ့ ကျေးလက်နေပြည်သူများဖြစ်ကြတယ်ဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ အဲဒီ ကျေးလက်နေပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်တော့ ထိုပြည်သူများအဓိကအသက်မွေးကျောင်းပြုကြတဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ တစ်စပ်တည်းမှာပဲ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ လယ်ယာစိုက်ပျိုးရေးစနစ်ကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲမြှင့်တင်ဖို့ ဆောင်ရွက်နေချိန်ဖြစ်တဲ့အတွက် ဒီအဆိုကို ထောက်ခံဆွေးနွေးရခြင်းဖြစ်ပါတယ်။ အဆိုရှင်တင်ပြထားသလို ပြည်ခရိုင်အတွင်းက စံပြအဆင့်မြင့်လယ်ယာစိုက်ပျိုးရေးတွေမှာ တစ်ဧကကို မျိုးရှစ်ပြည်သာကုန်ပြီး တင်း ၁၂၀ ထွက်ရှိနေချိန်မှာ မြန်မာပြည်အနှံ့မှာရှိတဲ့ လယ်မြေအများစုဟာ တစ်ဧကကို မျိုးနှစ်တင်းခန့်ကုန်ပြီး တင်း ၆၀၊ ၇၀ လောက်နဲ့ပဲ ကျေနပ်နေကြရပါတယ်။ ဒါတွေကိုကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ လယ်ယာစိုက်ပျိုးရေးစနစ်ဟာ ခေတ်နောက်ကျကျန်နေသေးတယ်ဆိုတာကို သိနိုင်ပါတယ်။ လက်ရှိအခြေအနေတွေမှာ မိရိုးဖလာစိုက်ပျိုးနည်းစနစ်ကိုသာ အများစုအသုံးပြုနေကြဆဲဖြစ်ပါတယ်။ ဒါ့ကြောင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးစနစ်ကို ပြောင်းလဲမြှင့်တင်နိုင်ရန်အတွက် အဓိကအခြေခံအကျဆုံးအချက်ကတော့ လယ်ယာမြေများကို ဧကကွက်များဖော်ဆောင်ပြီး အဆင့်မြှင့်တင်ပေးရာမှာ အဓိကအချက်ဖြစ်ပါတယ်။ ထိုကဲ့သို့ဖော်ဆောင်ပေးနိုင်မည်ဆိုပါက တောင်သူများအတွက် ပထမဆုံးရရှိမယ့် အကျိုးကျေးဇူးကတော့ ကုန်ထုတ်လမ်းအခက်အခဲများကို ဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မြို့နယ်အပါအဝင် မြို့နယ်အတော်များများမှာ နှစ်စဉ်ကြုံတွေ့နေရတဲ့ အခက်အခဲကတော့ တောင်သူများလုပ်ငန်းခွင်ဝင်ချိန်နဲ့ စိုက်ပျိုးသီးနှံရိတ်သိမ်းပြီးချိန်များမှာ ကုန်ထုတ်လမ်းခက်ခဲမှုပြဿနာများကြောင့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဌာနဆိုင်ရာများ နှစ်စဉ်ဖြေရှင်းပေးနေကြရပါတယ်။ ဒါကြောင့် တောင်သူများရဲ့ကြားမှာ နေ့စဉ်အငြင်းပွားနေတဲ့ ကုန်ထုတ်လမ်းခက်ခဲမှုပြဿနာများလည်း တစ်ဖက်တစ်လမ်းမှ ပြေလည်သွားမှာဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ခေတ်မီစိုက်ပျိုးရေးနည်းပညာများကြောင့် အထွက်နှုန်းသိသာစွာတိုးလာပြီးရရှိလာမယ့် အကျိုးကျေးဇူးတွေကို တောင်သူများ တိုက်ရိုက်ခံစားခဲ့ရပြီး လူမှုဘဝဖွံ့ဖြိုးတိုးတက်လာကြမှာဖြစ်ပါတယ်။ သို့သော်လည်း ထိုသို့ဆောင်ရွက်ရာမှာ တွေ့ကြုံရမယ့်အခက်အခဲများလည်းရှိပါတယ်။ ပထမအချက်ကတော့ လယ်ယာမြေအဆင့်မြှင့်ရာမှာ ကုန်ထုတ်လမ်းများ၊ ရေထုတ်မြောင်းများနဲ့ Box Culvert များ ထည့်သွင်းဖော်ဆောင်ရမှာဖြစ်တဲ့အတွက် တောင်သူများ ထည့်ဝင်ထားတဲ့ လယ်ဧကအပြည့်ပြန်မရနိုင်ဘဲ ဧကလျော့နည်းသွားတဲ့အတွက် လုပ်ငန်းဖော်ဆောင်ရန်

တောင်သူများတွန့်ဆုတ်သွားနိုင်ပါတယ်။ နောက်တစ်ခါ မြေယာအငြင်းပွားမှုများ၊ ကန်သင်းတင် အချင်းချင်းညှိနှိုင်းသဘောတူညီမှုနဲ့ အငြင်းပွားမှုများဖြစ်ပေါ်လာပါက ဖြေရှင်းပေးရမယ့်ကိစ္စရပ်များ ကိုလည်း ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မြို့နယ်မှာ ၂၀၁၄-၂၀၁၅ ခုနှစ်နဲ့ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကျေးရွာအုပ်စုသုံးခုမှာ လယ်ဧက ၃၀၀ ကိုစီမံချက်နဲ့အဆင့်မြှင့် လယ်ယာဖော်ထုတ်ခဲ့ပါတယ်။ ကုန်ကျစရိတ်ကို တောင်သူကကျခံစရာမလိုဘဲ စက်မှုလယ်ယာနဲ့ ဧရာပုသိမ်ကုမ္ပဏီတို့က ဆောင်ရွက်ပေးခဲ့ကြပါတယ်။ အဲဒီ ၂၀၁၅-၂၀၁၆ ခုနှစ်မှာပဲ ရေစခန်းအုပ်စုက တောင်သူငါးဦးက ဧက ၅၀ နဲ့ ကွင်းခြောက်အုပ်စု တောင်သူငါးဦးက ဧက ၅၀ စုစုပေါင်း ဧက ၁၀၀ ကို သမချေးငွေနဲ့ ကိုယ်ထူကိုယ်ထဖော်ဆောင်ခဲ့ပါတယ်။ ကုန်ကျစရိတ်က တစ်ဧကကို သုံးသိန်းကုန်ကျပြီး ဧကကွက်ဖော်မြေပြင်တဲ့ အဆင့်ပဲရရှိခဲ့ပါတယ်။

တတိယအချက်အနေနဲ့ကတော့ အဆင့်မြှင့်ပြီးတဲ့လယ်တွေကို အထွက်တိုးမျိုးကောင်းမျိုးသန့်နဲ့ ခေတ်မီစိုက်ပျိုးနည်းပညာတွေ ဆက်လက်ပြီးအကူအညီမပေးနိုင်တဲ့အတွက် တောင်သူများဟာ ရရာမျိုးကို မိရိုးဖလာကြဲခင်းနည်းနဲ့သာ စိုက်ပျိုးကြရပါတယ်။ ဒါတောင်မှ တစ်ဧကကို တင်း ၈၀ နှုန်းလောက် ထွက်ရှိတယ်လို့သိရပါတယ်။ ဒါ့ကြောင့် တောင်သူများရဲ့လိုအပ်ချက်တွေကို ပြီးပြည့်စုံအောင် ဆက်လက်အကူအညီပေးနိုင်ဖို့ကိုလည်း အကြံပြုလိုပါတယ်။ ဒါ့အပြင် ဆက်စပ်ဌာနတွေ ဖြစ်တဲ့ စက်မှုလယ်ယာ၊ မြေစာရင်းနဲ့ စိုက်ပျိုးရေးဌာနတွေရဲ့ ကူညီပံ့ပိုးပေးမှုတွေကလည်းများစွာ လိုအပ်ပါတယ်။ တောင်သူများကို ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးသင့်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ အဆိုရှင်တင်ပြထားချက်တွေဟာ အသစ်ထွင်ပြီး တင်ပြထားခြင်းမဟုတ်ဘဲ ရှိပြီးသားဥပဒေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ဖို့ တိုက်တွန်းထားခြင်းသာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း(၂) ရည်ရွယ်ချက် ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများ နည်းပညာသွင်းအားစုနဲ့ ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေစွာ ပံ့ပိုးပေးနိုင်ရေးအစီအမံဆောင်ရွက်ရန်နှင့် အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲ(င)မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာနဲ့သွင်းအားစုတို့ကို ပံ့ပိုးကူညီခြင်း၊ သုတေသနလုပ်ငန်းများ ထူထောင်ခြင်းနှင့် အားပေးခြင်းလို့ဖော်ပြထားပါတယ်။ အခန်း(၄) ပုဒ်မ ၁၁ မှာတော့ ဦးဆောင်အဖွဲ့သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သောနည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကို ညှိနှိုင်းဆက်စပ်ဖြည့်ဆည်းဆောင်ရွက်ပေးရမည်လို့ဖော်ပြပြီး ပုဒ်မ ၁၂ မှာတော့ ဦးဆောင်အဖွဲ့သည် စိုက်ပျိုးရေရရှိမှု၊ ကုန်ထုတ်လမ်းများ ဖော်ဆောင်ဆက်သွယ်မှုတို့ကို နိုင်ငံတစ်ဝန်းမျှတစွာ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အမျိုးသားစီမံကိန်းချမှတ်ပြီး ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်လို့ ဖော်ပြထားပါတယ်။

အခန်း(၆) ပုဒ်မ ၂၀ ပုဒ်မခွဲ(ခ)မှာတော့ တောင်သူလယ်သမားများအတွက် ဒေသ၊ ရေမြေသဘာဝနဲ့ကိုက်ညီတဲ့ ခေတ်မီစိုက်ပျိုးရေးနဲ့ မွေးမြူရေးဆိုင်ရာနည်းပညာများ၊ လယ်ယာထုတ်ကုန်တန်ဖိုးမြှင့်တင်ရေးနည်းပညာများရရှိရန် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်

ခြင်း၊ လေ့ကျင့်ပညာပေးခြင်းများ ဆောင်ရွက်ရမည်လို့ပြဋ္ဌာန်းထားပါတယ်။ ထို့ကြောင့် မြန်မာ့လယ်ယာစိုက်ပျိုးထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားစီမံကိန်းချမှတ်ပြီး ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်း အကြံပြုလိုပါတယ်။ သို့ဖြစ်ပါသောကြောင့် ကျေးလက်နေပြည်သူများရဲ့လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအချက်ဖြစ်တဲ့ မြန်မာ့လယ်ယာစိုက်ပျိုးရေးစနစ်တိုးတက်ပြောင်းလဲလာစေရန် ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် တင်ပြလာပါသော ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့အဆိုကို အတည်ပြုသင့်ပါကြောင်း လေးလေးနက်နက်အကြံပြုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်ဝင်း(မအူပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ မအူပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းဖြစ်ပါတယ်။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ စက်မှုလယ်ယာနှင့်ပတ်သက်သောအဆိုကို ထောက်ခံဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ အဆိုရှင်ဟာ ဆေးကုဒေါက်တာဖြစ်သော်လည်း တောင်သူလယ်သမားနှင့် လယ်ယာကဏ္ဍ ဦးမော့လာစေဖို့ တိုးတက်စေလိုသော စိတ်ဆန္ဒဖြင့် အဆိုကောင်းတင်သွင်းသွားတဲ့အတွက် အဆိုရှင်အား တန်ဖိုးထားလေးစားရပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း၊ အဆိုကိုလည်း အထူးထောက်ခံပါကြောင်း ပထမဦးစွာ ပြောကြားလိုပါတယ်။ စက်မှုလယ်ယာဆိုတာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအဆင့်ဆင့်ကို လူ၊ တိရစ္ဆာန်အစား စက်ဖြင့်အပြည့်အဝဆောင်ရွက်ခြင်းကို စက်မှုလယ်ယာလို့ခေါ်ပါတယ်။ တစ်နည်းအားဖြင့် အသေးစိတ်ရှင်းပြီးပြောရရင် စိုက်ပျိုးရေးလုပ်ငန်းအဆင့်ဆင့်ဖြစ်သော မြေကွက်ဖော်ခြင်း၊ မြေပြုပြင်ခြင်း၊ ပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ပြုစုခြင်း၊ ရိတ်သိမ်းခြင်း၊ နယ်လှေ့သန့်စင်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်မြင့်ကုန်ထုတ်ခြင်း၊ ထုပ်ပိုးခြင်း၊ တင်ပို့ရောင်းချခြင်းစတဲ့လုပ်ငန်းများကို လူ၊ တိရစ္ဆာန်အစား စက်ဖြင့်အပြည့်အဝအသုံးချခြင်းကို စက်မှုလယ်ယာလို့ ခေါ်ဆိုခြင်းဖြစ်ပါတယ်။ လယ်ယာလုပ်ငန်းများကို လူ၊ တိရစ္ဆာန်နှင့်သာဆောင်ရွက်ပါက လက်မှုလယ်ယာဟုခေါ်တွင်ပြီး စက်နှင့်အပြည့်အဝဆောင်ရွက်ပါက စက်မှုလယ်ယာဟုခေါ်ဆိုပါတယ်။ စက်မှုလယ်ယာဖြစ်ဖို့ အစိုးရနှင့်တောင်သူလယ်သမားအပြင် စားနပ်ရိက္ခာမှီခိုတဲ့ နိုင်ငံသားအားလုံးမှာ တာဝန်ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုလယ်ယာဖြစ်ပေါ်လာပါက ရရှိမယ့်အကျိုးကျေးဇူးများကတော့ (၁) စနစ်တကျ အဆင့်မြင့်မြေကွက်များ ဖော်ထုတ်စိုက်ပျိုးခြင်းကြောင့် လယ်ယာသုံးစက်ကိရိယာစွမ်းအားများ အပြည့်အဝ အကျိုးရှိရှိအသုံးချနိုင်ခြင်း၊ (၂) ကတော့ စိုက်ပျိုးမြေညီညာသည့်အတွက် ရင့်မှည့်မှုအထွက်နှုန်းကောင်းမွန်စေပြီး အလေအလွင့်နည်းပါးစေပါတယ်။ (၃)ကတော့ ရေသွင်းရေထုတ် အချိန်မရွေး ပြုလုပ်နိုင်စေပါတယ်။ ရေကြီးမှု၊ ရေငတ်မှုကို အထိုက်အလျောက် ကာကွယ်နိုင်ပါတယ်။ (၄) ကတော့ ရာသီဥတုဖောက်ပြန်မှုကြောင့် မပျက်စီးအောင် အထိုက်အလျောက် ကာကွယ်စီမံနိုင်ပါတယ်။ (၅) ကတော့ လယ်ယာလုပ်ငန်းအဆင့်ဆင့်ကို အချိန်တိုတိုအတွင်းမှာ အမြန်ဆုံးဆောင်ရွက်နိုင်ပြီး သီးထပ်၊ သီးညှပ်၊ စပါး၊ ငါး ဧကများစွာ တိုးပွားစေနိုင်ပါတယ်။ (၆) ကတော့ အထွက်နှုန်း အရည်အသွေးကောင်းမွန်အောင်

ဆောင်ရွက်နိုင်ပါတယ်။ ဒါကြောင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ မဖြစ်မနေ စနစ်တကျ နှစ်အလိုက်စီမံချက်ရေးဆွဲ၍ အားပေးဆောင်ရွက်ဖို့ အထူးလိုအပ်ပါတယ်။ ကျွန်တော်တို့ အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံဆောင်ရွက်မှုဟာ နောက်ကျနေကြောင်း၊ ဆောင်ရွက်နေပါတယ်လို့ ပြောရင်တော့ အားပေးထောက်ခံမှုက နည်းပါးနေကြောင်း၊ ၁ ရာခိုင်နှုန်းသာရှိကြောင်း တင်ပြလိုပါတယ်။ စက်မှုလယ်ယာအဖြစ် ပထမဦးဆုံးဆောင်ရွက်ရမှာက အဆိုရှင်ပြောသလို အဆင့်မြင့် ဧကကွက်များဖော်ထုတ်ခြင်း၊ မြေညှိခြင်း၊ ရေသွင်းရေထုတ်မြောင်းများ၊ ကုန်ထုတ်လမ်းများ စနစ်တကျ ဖော်ထုတ်ရမှာဖြစ်ပါတယ်။ ဒီလိုအဆင့်မြင့်ဧကကွက်များဖော်ထုတ်ရာတွင် တစ်ဧကလျှင် ကျပ် ၁၀ သိန်းခန့် ကုန်ကျနိုင်တဲ့အတွက် အစိုးရအနေနဲ့လည်း မတတ်နိုင်သလို တောင်သူလယ်သမားများအား နှစ်ရှည်ချေးငွေချေး၍ အသိပညာပေး၍ တောင်သူလယ်သမားကိုယ်စားလှယ်များနှင့် အစိုးရဌာနပေါင်းစုံ ဝန်ထမ်းများပူးပေါင်း၍ လုပ်ငန်းကော်မတီဖွဲ့ပြီး အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း နည်းလမ်းပေးအကြံပြုတင်ပြအပ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇ တွင် နိုင်ငံတော်သည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာအရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးရမယ်လို့ ပြဋ္ဌာန်းထားပါကြောင်း အဆိုရှင်က ထူးထူးခြားခြား ထောက်ပြပြောဆိုသွားပါတယ်။ အစိုးရအဆက်ဆက်၊ ခေတ်အဆက်ဆက်၊ စနစ်အဆက်ဆက်မှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ချီတက်မည်ဟု အားရပါးရ အသံကျယ်ကျယ် ကြွေးကြော်ခဲ့တာဟာ နှစ်ပေါင်း ၅၀ နီးပါးခန့်ရှိနေပြီဖြစ်ပါတယ်။ ယနေ့ အချိန်အထိ လက်တွေ့မလုပ်ဆောင်နိုင်သဖြင့် လက်မှုလယ်ယာအဆင့်မှာပင် ဒုံရင်းဒုံရင်းအဆင့်ပင် ရှိနေသေးကြောင်း တင်ပြအပ်ပါတယ်။ အိမ်ရာတိုက်တာဆောက်လုပ်ခြင်းထက် လယ်ယာအဆင့်မြင့်မြေကွက်များ ဖော်ထုတ်ခြင်းက ပိုပြီးအရေးကြီးပါတယ်။ ပိုပြီးဆောင်ရွက်သင့်ပါတယ်။ ရာသီဥတုဖောက်ပြန်ခံရမယ့် အဆင့်(၂)ရှိတဲ့ မြန်မာနိုင်ငံဟာ စက်မှုလယ်ယာအဆင့်ရောက်အောင် ဆောင်ရွက်မှသာ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကျော်ဖြတ်နိုင်မည်။ ၎င်းအပြင် လယ်ယာကုန်ထုတ် စားနပ်ရိက္ခာပိုမိုတင်ပို့နိုင်စေရန် စက်မှုလယ်ယာ၏ပထမခြေလှမ်းအဖြစ် အဆင့်မြင့်ဧကကွက်များ ဦးစားပေးအလိုက် ဖော်ထုတ်ခြင်း၊ နှစ်အလိုက် အရှိန်အဟုန်မြင့်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကိုထောက်ခံပါကြောင်း၊ အားလုံးကိုတန်ဖိုးထားလေးစားပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း ဖြစ်ပါတယ်။ ယခု ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်တင်သွင်းသော ယနေ့ စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင်မြင်ရန်အတွက် ဧကကွက်များဖော်ထုတ်ခြင်း လုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားပါမယ်။ အဆိုရှင်ရဲ့ရည်ရွယ်ချက်တွေကတော့ စက်မှုလယ်ယာစနစ် အပြည့်အဝသုံးနိုင်မယ့် လယ်ကွက်တွေဖော်ထုတ်ပေးဖို့၊ လယ်ယာကဏ္ဍတွေမှာ အဆင့်မြင့်ပေးဖို့၊

နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံမှုကိုလည်း တိုးမြှင့်စေလိုတယ်လို့ ရည်ရွယ်တာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခံမှာ စိုက်ပျိုးရေးကဏ္ဍဖြစ်သည့်အားလျော်စွာ နိုင်ငံ၏လူဦးရေ ၇၀ ရာခိုင်နှုန်းခန့် သည်လည်း စိုက်ပျိုးရေးလုပ်ငန်းအပေါ် မှီတည်၍ အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်ပါတယ်။ ဒါကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ကျွန်တော်တို့နိုင်ငံ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် အရေးပါသည့်လိုအပ်ချက်ဖြစ်ပါတယ်။ ယနေ့လယ်ယာကဏ္ဍတွင် လယ်ယာလုပ်သားရှားပါးမှု၊ ရာသီဥတုမမှန်ကန်မှုများ၊ အရည်အသွေးကောင်းသီးနှံစိုက်ပျိုး ထုတ်လုပ်ရန် အခက်အခဲများ၊ ရိတ်သိမ်းပြီးစပါးများကို သယ်ဆောင်ရာ ကုန်ထုတ်လမ်းအခက်အခဲများ၊ လိုအပ်သလို ရေသွင်းရေထုတ်နိုင်တဲ့ ရေသောက်စနစ်များမရှိခြင်းနှင့် စတဲ့အခက်အခဲများကြောင့် စက်မှုလယ်ယာစနစ်ကို မဖြစ်မနေလိုအပ်လျက်ရှိရာ စက်မှုလယ်ယာစနစ် အပြည့်အဝသုံးနိုင်မယ့် လယ်ကွက်များ ဖော်ထုတ်ရန်မှာလည်း မဖြစ်မနေလိုအပ်နေပါတယ်။ အဆိုရှင်ကလည်း မိရိုးဖလာနည်းဖြင့် စိုက်ပျိုးခြင်းမှရလာ တဲ့အကျိုးအမြတ်ထက် အဆင့်မြင့်ဧကကွက်များမှာ စက်ကိရိယာများအသုံးပြု၍ ရလာတဲ့အသီးအပွင့် အကျိုးအမြတ်ကွာခြားမှုကိုလည်း တင်ပြထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆင့်မြင့်လယ်ယာဖော်ထုတ်ထားတဲ့လယ်ကွက်တွေဟာ ရေသွင်းရေထုတ်မြောင်းတွေပါရှိခြင်းကြောင့် စိုက်ပျိုးသောသီးနှံအတွက် ရေကိုလိုသလို အသွင်းအထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ လယ်မြေများ၏ မြေပြင်ညီညာပြန့်ပြူးမှုရှိခြင်းကြောင့် စိုက်ပျိုးရေသုံးစွဲရာတွင်လည်း ယခင်သုံးစွဲရေပမာဏထက် လျှော့ကျသုံးစွဲနိုင်ပါတယ်။ လယ်ကွက်များ၏ပုံသဏ္ဌာန်နှင့် အကျယ်အဝန်းမှန်ကန်ခြင်းကြောင့် စက်စွမ်းအားပြည့် မောင်းနှင်အသုံးပြုနိုင်တဲ့အပြင် လောင်စာဆီသုံးစွဲမှုကိုလည်း လျှော့နည်းသက်သာစေပါတယ်။ စိုက်ပျိုးရေအနည်းအများကို လိုသလိုထိန်းညှိနိုင်ခြင်းကြောင့် စပါးပင်ပွားနှုန်းကို လိုသလိုမျှတစွာရရှိနိုင်ပြီး သီးနှံအထွက်နှုန်း တိုးတက်စေပါတယ်။ သီးနှံများရိတ်သိမ်းတဲ့အခါမှာလည်း ခြွေလှေ့စက်များဖြင့် အချိန်မီသိမ်းနိုင်တဲ့အတွက် သီးနှံအရည်အသွေးကောင်းမွန်စေတဲ့အပြင် အလေအလွင့်မရှိတဲ့အတွက် အထွက်နှုန်းတိုးတက်စေပါတယ်။ နောက် ကုန်ထုတ်လမ်းတွေပါ ပါရှိတဲ့အတွက် သီးနှံများ အမိုးအကာအောက်သို့ အချိန်နှင့်အမျှ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်တဲ့အတွက် ပျက်စီးလေလွင့်မှုနည်းပါးပြီး အရည်အသွေးကောင်းသီးနှံတွေ ရရှိစေပါတယ်။ လယ်ယာသုံးစက်ယန္တရားများ အချိန်မရွေးဝင်ရောက်လုပ်ကိုင်နိုင်တဲ့အတွက် နှစ်သီး၊ သုံးသီးအထိ တိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်။ ကွန်ကရစ် Lining များပါရှိတဲ့ ရေသွင်းရေထုတ်မြောင်းများမှတစ်ဆင့် ပိုမိုရေပေးဝေနိုင်မှာဖြစ်ပါတယ်။ စိုက်ပျိုးချိန်တွင်လည်း ခွက်စစ်သောက်စနစ်မှကင်းလွတ်ပြီး ရိတ်သိမ်းချိန်တွင်လည်း စက်ယန္တရားများ အဝင်အထွက်များရှိတဲ့အတွက် ပိုပြီးတော့ အဆင်ပြေလာမှာဖြစ်ပါတယ်။ ဧကကွက်များဖြစ်တဲ့အတွက် ဧကသတ်မှတ်မှုမှန်ကန်ပြီး မြေဩဇာဘယ်လောက်သုံးမယ်။ ပိုးသတ်ဆေးဘယ်လောက်သုံးရမယ်ဆိုတာ အလွယ်တကူ တွက်ချက်သိရှိစေမှာဖြစ်ပါတယ်။ ဒါ့အပြင် တောင်သူဦးကြီးများရဲ့ လယ်မြေများ၏တန်ဖိုးဈေးနှုန်းမြင့်တက်လာမှာဖြစ်တဲ့အတွက် အကျိုးအမြတ်များလာပါတယ်။ အဆင့်မြင့်လယ်ယာဧက ဖော်ထုတ်တဲ့နေရာမှာ ဆည်ရေသောက်စနစ်ရှိတဲ့ ပုံစံ(၇)ရှိပြီးလယ်မြေများဖြစ်ရမယ့်အပြင် တစ်ဆက်တစ်စပ်တည်း ဧကတစ်ရာအနည်းဆုံး ပါရှိရပါမယ်။ အခြားတောင်သူများ အလွယ်တကူလေ့လာနိုင်တဲ့ကွင်းတွေဖြစ်ရမယ်လို့ ဌာနက

ထုတ်ပြန်ချက်တွေအရ သိရပါတယ်။ ဒီနေရာမှာ တောင်သူဦးကြီးများစိုးရိမ်နေတာတွေကတော့ ဧကကွက်တွေဖော်ထုတ်တဲ့အခါမှာ ကုန်ထုတ်လမ်းတွေ၊ ရေမြောင်းတွေ၊ ရေပေးအဆောက်အဦတွေကြောင့် လယ်စိုက်ဧရိယာအနည်းငယ် လျော့သွားနိုင်တာဖြစ်ပါတယ်။ မူလနေရာလည်းပြန်ရချင်မှ ရနိုင်ပါမယ်။ ဖော်ထုတ်ပြီးသားကာလမှာ မြေညှိခြင်းကြောင့် အပေါ်ယံမြေလွှာ ပြန်လည်ပြုပြင်ရမှုများ ရှိနိုင်ပြီး လုပ်ငန်းလုပ်နေချိန် တစ်ရာသီသီးနှံမစိုက်ရဘဲ လုပ်ပေးလိုက်ရခြင်းတို့ဖြစ်ပါတယ်။ ဒီလိုအကြောင်းအချက်တွေကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ တောင်သူလယ်သမားအဖွဲ့အစည်းများပူးပေါင်း၍ တောင်သူများအား စည်းရုံးပညာပေးမှုများ ပြုလုပ်ရပါတယ်။ အောင်မြင်နေတဲ့ဧကကွက်များသို့ သွားရောက်လေ့လာစေခြင်းများ ပြုလုပ်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် လယ်ယာလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်သော ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာဌာနကိုလည်း အဆင့်မြင့်ဧကကွက်တွေဖော်ဆောင်ဖို့ မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းအဖြစ် ပြုလုပ်စေချင်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတကာသီးနှံဈေးကွက်ရရှိစေမယ့် သီးနှံအရည်အသွေးကောင်းတွေ၊ သီးနှံအထွက်အနှုန်းများများတွေ ရရှိစေရန် မဖြစ်မနေ အဆင့်မြင့်ဧကကွက်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးရင်း ယခုအဆိုကို ထောက်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ နိုင်ငံတော်ရဲ့လူဦးရေအများစုမှီတင်းနေထိုင်တဲ့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့အခြေခံတစ်ရပ်ကို ဖြည့်ဆည်းပေးနိုင်ဖို့ ယခုလိုစက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် ဧကကွက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကို အရှိန်အဟုန်နဲ့ မြှင့်တင်ဆောင်ရွက်ပေးပါရန် တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်ပြီးတော့ အဆိုရှင်ကို ဦးစွာကျေးဇူးတင်ရှိပါကြောင်း တင်ပြလိုပါတယ်။ ဒီအဆိုအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီး ၁၂ ဦးရဲ့ကောင်းမွန်တဲ့အကြံပြုဆွေးနွေးချက်များလည်းပဲ အင်မတန်မှတ်သားဖွယ်ရာကောင်းပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိစက်မှုလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်နှင့်ဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့မျှော်မှန်းဆောင်ရွက်မှုအခြေအနေတွေကို အခြေခံပြီးတော့ ပြန်လည်ရှင်းလင်း ဆွေးနွေးပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုလယ်ယာစနစ်ကျင့်သုံးတဲ့ စနစ်တကျလယ်တွေဖော်ထုတ်ခြင်းဟာ စက်မှုလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက်မှုနဲ့အတူ မိမိတို့နိုင်ငံရဲ့အခြေခံအကျဆုံး စီးပွားရေးလည်းဖြစ်ပြီးတော့ နိုင်ငံလူဦးရေအများစု တောင်သူလယ်သမားများ အများစုမှီခိုအားထားနေရတဲ့ လယ်ယာကဏ္ဍ

စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါတဲ့အချက်တစ်ချက်ဖြစ်တယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လယ်ယာကဏ္ဍမူဝါဒနှင့် လုပ်ငန်းစဉ်တွေကို ရေရှည်မျှော်ကိုးပြီး ချမှတ်ဆောင်ရွက်တဲ့နေရာမှာ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ထိရောက်အောင်မြင်စွာ ကူးပြောင်းဆောင်ရွက်သွားနိုင်ဖို့အတွက် လုပ်ငန်းအစီမံများချမှတ်ဆောင်ရွက်နေသလို ပြဋ္ဌာန်းထားပြီးဖြစ်တဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့လည်း အဆိုပါကဏ္ဍဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းအတွက် နှစ်စဉ်ဘဏ္ဍာရန်ပုံငွေခွင့်ပြုလျာထားချက်နှင့်အညီ ဖော်ထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ စနစ်ကျလယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းတွေကို ယခင်က ပြည်ထောင်စုအစိုးရအဆင့်က လျာထားသတ်မှတ်ပြီး ပြည်ထောင်စုရန်ပုံငွေနဲ့ ဖော်ထုတ်ဆောင်ရွက်ခဲ့တဲ့နေရာကနေ ပြည်ထောင်စုအစိုးရမှ ဒေသအလိုက်တောင်သူတွေရဲ့လိုအပ်ချက်ရေမြေအခြေအနေနှင့်ကိုက်ညီပြီး ဖော်ထုတ်သလောက်အကျိုးဖြစ်ထွန်းရေးကို ရည်ရွယ်ပြီး ဝန်ကြီးဌာနရဲ့ ပြည်ထောင်စုအဆင့်မှာ ပံ့ပိုးဖြည့်ဆည်းမှုနှင့်အတူ ၂၀၁၁-၂၀၁၂ ခုနှစ်ကစပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရတွေအနေနဲ့ မိမိတို့ရဲ့ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် နှစ်စဉ် စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးကို အနီးကပ်ကြီးကြပ်စီမံခန့်ခွဲပြီး ရေရှည်တည်တံ့တဲ့လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်သွားနိုင်ဖို့အတွက် စီမံလုပ်ကိုင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၃ ခုမှာ စနစ်ကျလယ်ယာမြေ ၈၄၀၀ ကို ရန်ပုံငွေကျပ် ၁၀.၆ ဘီလီယံနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေနှင့်အညီ ဧက ၄၂၀၀ ကို ခွင့်ပြုရန်ပုံငွေကျပ် ၂.၂၂ ဘီလီယံ သုံးစွဲဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ စနစ်ကျလယ်ယာမြေဧကစုစုပေါင်း ဧက ၆၂၃၀၀ ကျော်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ စက်မှုလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလုပ်ငန်းစဉ်တစ်ရပ်ဖြစ်တဲ့ Land Consolation စနစ်ကျလယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းဟာ ရေသွင်းရေထုတ်မြောင်းတွေ၊ ကုန်ထုတ်လမ်းတွေပါပြီး ထောင့်မှန်စတုဂံပုံဧကကွက်တွေကို မြေညီညာမှုရှိအောင် ဖော်ထုတ်ရခြင်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အလျောက် ကုန်ကျစရိတ်ဟာလည်း များပြားမှုရှိပါတယ်။ လယ်မြေအနေအထားပေါ် မူတည်ပြီး တစ်ဧကကုန်ကျစရိတ်ဟာ ကျပ် ၁၂ သိန်းမှ ကျပ်သိန်း ၂၀ ဝန်းကျင်အထိ ကျသင့်ငွေရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတကာအတွေ့အကြုံတွေအရ ရေကို လိုရင်လိုသလို ထိန်းသိမ်းဆောင်ရွက်နိုင်တဲ့ ဆည်ရေသောက်ဧရိယာတွေမှာ ဦးစားပေးဖော်ထုတ်ဆောင်ရွက်ပေးရမှုရှိပါတယ်။ ဆည်ရေသောက်ဧရိယာတွေမှာ ကုန်ထုတ်လမ်းတွေ၊ ရေသွင်းရေထုတ်စနစ်တွေကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသခံတောင်သူတွေရဲ့ အကျိုးစီးပွားဟာ သိသာထင်ရှားစွာတိုးတက်ဖြစ်ထွန်းပြီး ကုန်ကျစရိတ်ထက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်အောင် ဆောင်ရွက်နိုင်တာဖြစ်ပါတယ်။ စက်မှုလယ်ယာဖော်ထုတ်မှုအတွက် ကုန်ကျစရိတ်တွေကို သက်ဆိုင်ရာတောင်သူက ကျခံဆောင်ရွက်ရလေ့ရှိပြီး နိုင်ငံတော်အနေနဲ့ ကုန်ကျစရိတ်အတွက်

အချိုးအစားတစ်ရပ်ကို မျှဝေကျခံမှု၊ လိုအပ်သည်များကူညီပံ့ပိုးမှု၊ ကုန်ကျစရိတ်ကို နိုင်ငံတော်မှ ဦးစွာကျခံပေးပြီး တောင်သူမှနိုင်ငံတော်ကို အရစ်ကျပြန်လည်ပေးဆပ်စေခြင်းစတဲ့ နည်းလမ်းတွေနဲ့ ဆောင်ရွက်လေ့ရှိပါတယ်။ မိမိတို့နိုင်ငံအနေနဲ့ တောင်သူလယ်သမားအများစုရဲ့အခြေအနေဟာ ကုန်ကျစရိတ်ကျခံနိုင်မှုကို အင်အားနည်းတဲ့အတွက် နိုင်ငံတော်က အခမဲ့ဖော်ထုတ်ဆောင်ရွက် ပေးလျက်ရှိရာမှာ စိုက်ပျိုးမြေဧရိယာဟာ များပြားမှုရှိလာတာနဲ့အညီ ရေရှည်အတွက် ဆောင်ရွက် ပေးနိုင်ဖို့အတွက် အခက်အခဲများရှိနိုင်မည် ဖြစ်ပါတယ်။ တစ်ဖက်တစ်လမ်းကနေ သမဝါယမဦးစီး ဌာနက တောင်သူလယ်သမားသမဝါယမအသင်းအဖွဲ့တွေ ဖွဲ့စည်းမှုရှိတာနှင့်အညီ ချေးငွေများ ထုတ်ချေးပေးခြင်းဖြင့် ဧကကွက်ဖော်ထုတ်ခြင်းနှင့်အတူ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်း တွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်းတင်ပြအပ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ချေးငွေစုစုပေါင်း ၁၁ ဘီလီယံနဲ့ လယ်ယာမြေဧက ၃၅၇၀၀ ကျော်ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ယခု ၂၀၁၇-၂၀၁၈ မကုန်ဆုံးသေးတဲ့ဘဏ္ဍာရေးနှစ်မှာတော့ သမဝါယမ အသင်းသားတောင်သူများက စုစုပေါင်း ဧက ၂၉၀၀၀ ကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အဆိုပြု တင်ပြလာခဲ့တဲ့အလျောက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအထိ ချေးငွေစုစုပေါင်း သုံးဘီလီယံခန့်ထုတ်ချေး ပေးခဲ့ပြီးတော့ လယ်ယာမြေဧက ၉၅၀၀ ခန့်ကို ပြုပြင်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ တစ်ဖက်မှာလည်း ပဲ နိုင်ငံတကာအဖွဲ့အစည်းတွေ အထောက်အပံ့နဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးအချို့တင်ပြသွားတဲ့ International Fund of Agriculture Development လို့ခေါ်တဲ့ IFAD အဖွဲ့အစည်း၊ Japan International Cooperation Agency လို့ခေါ်တဲ့ ဂျပန်နိုင်ငံရဲ့ JICA အဖွဲ့အစည်းစတဲ့ အဖွဲ့အစည်းတွေရဲ့အကူအညီ၊ အပံ့အပိုးနဲ့လည်းပဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါ ကြောင်းတင်ပြအပ်ပါတယ်။ နိုင်ငံတော်မှာ လုပ်ကွက်ငယ်တောင်သူလယ်သမားအရေအတွက်ဟာ ပိုမိုများပြားပါတယ်။ နိုင်ငံတော်မှာလည်း လက်ရှိဖြစ်နိုင်တဲ့ Potential ရှိတဲ့ဧရိယာတွေကို ဦးစွာ ရွေးချယ်ပြီး အားထည့်ဆောင်ရွက်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စက်မှုလယ်ယာ စနစ်ကျဖော်ထုတ် ရေးလုပ်ငန်းစဉ်မှာ တစ်ကွင်းတစ်စပ်တည်းကွင်းပြင်ကျယ်တွေကို စုစည်းဖော်ထုတ်ဆောင်ရွက်ခြင်း ဖြင့် အကျိုးဖြစ်ထွန်းမှုပိုမိုရရှိစေမှာဖြစ်ပါတယ်။ လက်ရှိဖော်ထုတ်ဆောင်ရွက်မှု အတွေ့အကြုံအရ တောင်သူတစ်ဦးချင်းရဲ့ပိုင်ဆိုင်မှုဟာ ဧကအနည်းငယ်သာဖြစ်တဲ့အတွက် တစ်ကွင်းတစ်စပ်တည်း ဖော်ထုတ်ဖို့ စည်းရုံးဆောင်ရွက်ရာမှာ တောင်သူအားလုံးရဲ့သဘောတူညီမှုရရှိရေးဟာ အဓိကအချက် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးဦးရန်လင်း တင်ပြသွားတဲ့အထဲမှာလည်းပါတဲ့ တောင်သူ များရဲ့ ပိုင်ဆိုင်မှုလယ်မြေအပြောင်းအလဲအပေါ်မှာ အလျော့အပါးမခံနိုင်တဲ့ အခြေခံအချက်တွေ ကြောင့် အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့ အဖွဲ့အစည်းတွေအနေနဲ့ အခက်အခဲတွေကြုံတွေ့ ရပါတယ်။ အများစုသဘောတူညီသော်လည်းပဲ ကန့်ကွက်သူများပါဝင်နေတဲ့အတွက် နှစ်စဉ်စနစ်ကျ လယ်ယာမြေ အင်္ဂါရပ်များနှင့်ညီညွတ်စွာ ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိမှုတွေ၊ ဖော်ထုတ်ရေး နှောင့်နှေးကြန့်ကြာမှုတွေ၊ ကြုံတွေ့ရမှုတွေလည်းရှိတဲ့အလျောက် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း ကိုလည်းပဲ တင်ပြအပ်ပါတယ်။ တစ်ဖက်မှာလည်း ဖော်ထုတ်ပြီး စနစ်ကျလယ်ယာမြေများ ပြန်လည် ခွဲဝေချထားရာမှာ တစ်ဦးချင်းပိုင်ဆိုင်မှုအနေအထားအရ တစ်ဧကမပြည့်တဲ့တောင်သူအများအပြား

ပါဝင်လာတဲ့အတွက် ဖော်ထုတ်ပြီးကွင်းများမှာ ဇကောကွက်ပြန်လည်ခွဲဝေချထားမှုအပေါ် အခက်အခဲများစွာကြုံတွေ့နေရမှုရှိပါတယ်။ အဆိုပါအခက်အခဲများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများ ပေါင်းစပ်ညှိနှိုင်းပြီးဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အလျဉ်းသင့်လို့တင်ပြရရင် အဆိုပါလုပ်ငန်းရပ်နှင့်စပ်လျဉ်းပြီး ဒေသခံတောင်သူတွေရဲ့ကန့်ကွက်ဆန္ဒပြမှုလည်း ကြုံတွေ့ခဲ့ရမှုသာဓကရှိပါတယ်။

အချုပ်အားဖြင့် တင်ပြရရင် လွှတ်တော်ကိုယ်စားလှယ်ကြီးအဆိုပြုတင်သွင်းတဲ့ စက်မှုလယ်ယာစနစ် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဇကောကွက်များအရှိန်အဟုန် ဖော်ထုတ်ဆောင်ရွက်ရေးအဆိုဟာ အင်မတန်ကောင်းမွန်ပြီး ဖြစ်သင့်ဖြစ်ထိုက်အကောင်အထည်ဖော်ဆောင်ရွက်ထိုက်တဲ့အဆိုတစ်ရပ်ဖြစ်ပါတယ်။ သို့သော်ငြားလည်း လက်ရှိအခြေအနေများအရ စနစ်ကျလယ်ယာမြေတွေကိုတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ဒေသရဲ့လိုအပ်ချက် ဖော်ထုတ်ဆောင်ရွက်ပေးနိုင်မယ့်အခြေအနေတွေကို လေ့လာစိစစ်သုံးသပ်လျက်ရှိတာနှင့်အတူ နှစ်စဉ်နိုင်ငံတော်ခွင့်ပြုရန်ပုံငွေနှင့်များစွာကျခံဆောင်ရွက်ပေးလျက်ရှိတဲ့ အခြေအနေများလည်း ရှိနေတဲ့အပေါ်မှာ ထည့်သွင်းစဉ်းစားရတဲ့အနေအထားဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တစ်ဖက်မှာ တောင်သူလယ်သမားများဘက်မှလည်း ဖော်ထုတ်ပြီးစနစ်ကျလယ်ယာမြေတွေဟာ မိမိတို့ရဲ့လူမှုစီးပွားရေးဘဝအတွက် အကျိုးဖြစ်ထွန်းမှုများစွာရှိကြောင်း လက်တွေ့သိမြင်ပြီး ၎င်းတို့ကိုယ်တိုင်မှ လိုလားစွာပေါင်းစပ်ပါဝင်ဆောင်ရွက်လာတဲ့ အခြေအနေတစ်ရပ်ကိုရောက်ရှိအောင် အရင်းအနှီး၊ ညှိနှိုင်းဆောင်ရွက်၊ ဆောင်ရွက်ရင်းညှိနှိုင်းဒီလိုနည်းလမ်းစဉ်နဲ့ စည်းရုံးဆောင်ရွက်လျက်ရှိတဲ့အခြေအနေဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါလုပ်ငန်းစဉ်ကြီးကို မိမိတို့အနေနဲ့ အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိတဲ့အလျောက်လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ဒီအဆိုပါလုပ်ငန်းတွေအပေါ်မှာ သတိပြုစောင့်ကြည့်ပေးနိုင်ပါရန်နှင့် အဆိုအား မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်မ ၂-၂-၂၀၁၈ ရက်နေ့က တင်သွင်းခဲ့တဲ့အဆိုကိုဝိုင်းဝန်းပြီးတော့မှ ကန့်ကွက်သူမရှိ ထောက်ခံဆွေးနွေးပေးခဲ့ကြတဲ့ ကျွန်မတို့ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးက ပြည်နယ်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ ဒီလိုပဲ ပြည့်ပြည့်စုံစုံနဲ့ လက်ရှိလုပ်ဆောင်လျက်ရှိတဲ့လုပ်ငန်းတွေကို ရှင်းလင်းတင်ပြပေးပြီးတော့ ဝန်ကြီးဌာနက လုပ်ဆောင်နေတဲ့အချက်အလက်တွေကို လွှတ်တော်ကိုယ်စားလှယ်မှ စောင့်ကြည့်ပေးပါရန်လို့ ဖြေရှင်း၊ ရှင်းလင်းပြောကြားပေးခဲ့တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးကိုလည်း အထူးပဲကျေးဇူးတင်ရှိပါတယ်။ ဒီလိုစောင့်ကြည့်တဲ့နေရာမှာတော့ ကျွန်မတစ်ယောက်တည်းစောင့်ကြည့်ရုံနဲ့တော့ မလုံလောက်နိုင်ပါဘူး။ ကျွန်မတို့ရဲ့လွှတ်တော်ကြီးတစ်ခုလုံးမှ စောင့်ကြည့်တဲ့လုပ်ငန်းကို လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ ဒါဟာ ကျွန်မရဲ့အဆို အတည်ဖြစ်ခြင်း၊ မဖြစ်ခြင်းဟာ လုံးဝအရေးမကြီးပါဘူး။ ဘာဟာအရေးအကြီးဆုံးလဲဆိုရင်ကျွန်မတို့နိုင်ငံရဲ့ တောင်သူလယ်သမားတစ်ဦးချင်း၊ တစ်ဦးချင်းရဲ့ တကယ့်ကို မျှော်လင့်ချက်မဲ့တဲ့ဘဝ

ကနေပြီးတော့မှ တစ်ဦးချင်းဝင်ငွေတိုးတက်လာဖို့ ကျွန်မတို့နိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍကရရှိတဲ့ GDP ၊ အခု စိုက်ပျိုး၊ မွေးမြူရေးကရတာ ၂၈. Something ပေါ့နော်။ ဒီ Percentage ကနေ တိုးလာဖို့ နိုင်ငံ့စီးပွားရေးဦးမော့လာဖို့ အရေးကြီးတာဖြစ်တဲ့အတွက် ကျွန်မတို့လွှတ်တော်ကြီးတစ်ခုလုံးမှာရှိတဲ့ ကိုယ်စားလှယ်များအားလုံးကလည်း စောင့်ကြည့်ပေးဖို့ ကျွန်မ ဒီနေရာက တိုက်တွန်းပါတယ်။

ကျွန်မရဲ့ ဒီအဆိုမှာ ဝိုင်းဝန်းဆွေးနွေးပေးကြတဲ့အခါမှာ တကယ်ကို လိုအပ်တဲ့အချက်တွေဖြစ်တဲ့ အဆင့်မြင့်စက်မှုလယ်ယာတွေ ဖော်ထုတ်ခြင်းရဲ့အကျိုးကျေးဇူးကို ပြည်သူတွေသိအောင် ကျွန်မတို့ ဘယ်နည်းလမ်းနဲ့ သွားကြမလဲ။ ဒီနေရာမှာ ပြည်သူသိရှိရမယ့်အချက်တွေ၊ တွေ့ကြုံရမယ့်အခက်အခဲ တွေကို ကျွန်မတို့ ဘယ်လိုဖြေရှင်းဆောင်ရွက်ကြမလဲ။ ဒီအဆင့်မြင့်စက်မှုလယ်ယာကွက်တွေရဲ့ အဓိက ဖော်ထုတ်ရမယ့်ရည်ရွယ်ချက်တွေဟာ ဘာတွေလဲဆိုတာတွေကို၊ ဂဃနဏ သေသေချာချာရှင်းလင်း ပြောကြားပေးသွားတာတွေကို ပြည်သူတွေအားလုံးကလည်း တကယ်ကိုအလေးအနက်ထား ဒါကို လေ့လာကြဖို့ ကျွန်မ ဒီနေရာက တိုက်တွန်းလိုပါတယ်။ ဒါဟာ ဒေသတွင်းနိုင်ငံတွေအားလုံးထဲမှာ ကျွန်မတို့နိုင်ငံ ရင်ပေါင်တန်းနိုင်ဖို့အတွက်လည်း အဓိကအရေးကြီးတဲ့ ကျွန်မရဲ့အဆိုလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့သဘောထားကို ပြောရမယ်ဆိုရင်တော့ ဒါဟာ အခုတော့ စပြီးတော့ ဆောင်ရွက်နေပါပြီ။ ဒီလိုတောင်သူလယ်သမားတွေအကျိုးကို ရှေးရှုပြီးတော့ ဆောင်ရွက် ပေးနေတဲ့ အစိုးရအဆက်ဆက်နဲ့ ယခု ပြည်သူ့အစိုးရကြီးကိုလည်း ကျွန်မက ကျေးဇူးအများကြီး တင်ပါတယ်။ ဒါပေမဲ့ စပြီးဆောင်ရွက်နေရုံနဲ့တော့ မပြီးပါဘူး။ ကျွန်မတို့ အရှိန်အဟုန်ကို ဘယ်လိုမြှင့် မလဲ။ နှစ်တို၊ နှစ်ရှည်စီမံကိန်းတွေနဲ့ တိတိကျကျဝန်ကြီးဌာနကတော့ ဒါကိုဆောင်ရွက်ပေးဖို့ လိုပါလိမ့် မယ်။ နောက်တစ်ခုကတော့ ရင်းနှီးမြှုပ်နှံမှုပါ။ စိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ အားလုံးအသိပဲဖြစ်တဲ့အတွက် ဒီရင်းနှီးမြှုပ်နှံမှုအခြေအနေကို ကျွန်မတို့ရဲ့ အမျိုးသားစီမံကိန်းမှာ ဘယ်လိုထည့်သွင်းမလဲ။ ဘဏ္ဍာရေးကော်မရှင်အနေနဲ့ ဘယ်လိုစဉ်းစား ဆောင်ရွက်မလဲ။ ဒီရင်းနှီးမြှုပ်နှံမှုအတွက် ဘဘ်လိုများ အကြံဉာဏ်တွေယူကြမလဲ။ ဘယ်လိုနည်းလမ်း တွေနဲ့ သွားကြမလဲဆိုတာကိုလည်း ဒီနေရာမှာ စဉ်းစားဖို့ ကျွန်မ တစ်ခါတည်းပဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောပြလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ခါတရံမှာ ရင်းနှီးမြှုပ်နှံမှုတွေဟာ ကျွန်မတို့နိုင်ငံကို ဖွံ့ဖြိုးစနိုင်ငံမှာ ကျွန်မ လွန်ခဲ့တဲ့အပတ်ထဲကဆို တွေ့လိုက်ရပါတယ်။ ရင်းနှီးမြှုပ်နှံတဲ့ Logistic Hub အတွက်ဆိုလို့ရှိရင် ကျွန်မတို့က အမေရိကန်ဒေါ်လာ ၉၈ သန်းလောက်ကို တောင်ကိုရီးယားက လာရောက်မြှုပ်နှံမယ်ဆိုရင် စိုက်ပျိုးရေးကဏ္ဍအတွက် အရေးအသွေးမြှင့်ဖို့ကို ပို့ကုန်မှာ ရောက်မှ ထိန်းမှာထက်စာရင် ကျွန်မတို့ ဘယ်နေရာကထိန်းမလဲ။ ကျွန်မစဉ်းစားပါတယ်။ ငါးပြတိုက်အတွက် အမေရိကန်ဒေါ်လာ သန်း ၃၀။ ဒါမျိုးဆိုရင် ကျွန်မတို့က တစ်ကမ္ဘာလုံးမှာ ပထမအကြီးမားဆုံးဆိုရင် ဒါတွေအစား ကျွန်မတို့ စိုက်ပျိုးရေးကဏ္ဍမှာ မြှုပ်နှံရင်မကောင်းဘူးလား။ ဒါတွေကို ကျွန်မတို့ ဘဏ္ဍာရေးကော်မရှင်အနေနဲ့ရော၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တွေအနေနဲ့ရော လေးလေးနက်နက် ထည့်သွင်းစဉ်းစားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့သဘောထားကတော့လည်း ကျွန်မတို့နိုင်ငံရဲ့ အခက်အခဲများစွာ တောင်သူတွေကိုလည်း နားလည်သဘောပေါက်အောင် ရှင်းပြဖို့လိုတဲ့ အချက်တွေ၊ အချိန်တွေ လိုအပ်တာဖြစ်တဲ့အတွက် ကျွန်မရဲ့အဆိုကို မှတ်တမ်းအဖြစ် ထားရှိတဲ့အပြင်ကို ကျွန်မတို့

လွှတ်တော်ကြီးတစ်ခုလုံးကလည်း အားလုံးဝိုင်းဝန်းပြီးတော့ စောင့်ကြည့်လိုပါတယ်ဆိုတဲ့အကြောင်းကို ဥက္ကဋ္ဌကြီးကိုတင်ပြပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၂ ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အဆိုအားမှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ရုံတင်မကဘဲနဲ့ မှတ်တမ်းတင်စောင့်ကြည့်သင့်ကြောင်း ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ (၈.၂.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Hla Kyaw    U Than Soe




U Hla Kyaw    Daw Mi Kon Chan




U Hla Kyaw    U Sai Kyaw Moe




U Hla Kyaw    Daw Cho Cho




U Hla Kyaw    Dr Khin Nyo




U Hla Kyaw    U Kyaw Soe

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်